# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ အဖြစ် ဦးမြညိမ်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံ မှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ကြွရောက် လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

# အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်းဟာ(၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေး ကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကို ယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်ကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြား လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးမှတ်ကြီး၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉) ကနေပြီးတော့ ဦးခင်မောင်ဌွေး ရဲ့ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌွေး သည် မိခင်ရဲ့ ရက်လည် ဆွမ်းသွတ်ကိစ္စ ရှိပါသဖြင့် ၉-၇-၂၀၁၂ ရက်နေ့ ဒီကနေ့ တစ်ရက်အား လွှတ်တော်တက်ရောက်ခြင်းမှ ခွင့်ပြုပေးပါရန် မန္တ လေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှ တ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး က ခွင့်ပန်ကြားအပ်ပါသည် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ဒေါက်တာစိုးဝင်း၊ မွန်(၂)က ဦးမင်းလွန်းအောင် ၏ ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒန ယ်အမှတ်(၃)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွန်းအောင် သည် မိမိကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၉) ရက်မှ (၁၃) ရက်နေ့အထိ (၅) ရက်အား ခွင့်အဖြစ် သတ်မှတ် ပေးနိုင်ပါရန် ယင်း၏ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း က လေးစားစွာ ခွင့်ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွ င့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးအောင်ချိုဦး ပဲခူး (၁၁)က ဒေါက် တာမြဦး ၏ ခွင့်ကို ကိုယ်စား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး သည် စင်ကာပူ နိုင်ငံတွင် နှလုံးကျန်းမာရေးအတွက် စစ်ဆေးကုသခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် ၉-၇-၂၀၁၂ ရက်နေ့မှ ၂၃-၇-၂၀၁၂ ရက်နေ့အထိ အမျိုးသားလွှတ်တော် တက်ရောက်ခြင်းမှ ခွင့် (၁၅) ရက်အဖြစ် သတ်မှတ်ပေးပါရန် ဒေါက်တာမြ ဦးကိုယ်စား ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ခွင့်တိုင်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာဌေးနိုင် ဧရာဝတီ (၇)က ဦးလှိုင်ဦး ၏ခွင့်ကို ကိုယ်စား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါက်တာဌေးနိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးလှိုင်ဦး ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိသဖြင့်နေ့ ၉-၇-၂၀၁၂ ရက်နေ့မှ မနက်ဖြန် ၁၀-၇-၂၀၁၂ တို့အား ခွင့် အဖြစ် သတ်မှတ်ပေးပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် (၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဌေးနိုင်မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က ခွင့် ပန်ကြားချက်ကို သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဦးဖေသောင်း က ချင်(၆)က ဦးစံပြည့် ကိုယ်စား ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)။** ။လေးစားရပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိတဲ့အတွက် ယနေ့ လွှတ်တော်အစည်းအဝေး တစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးနိုင် ပါရန် ဦးစံပြည့် ရဲ့ ကိုယ်စား ကျွန်တော် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖေသောင်း၊ ကချင်ပြည်နယ် (၆)မှ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)က ဦးဝင်းတင့် ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစား အပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ဟာ ညှပ်ရိုးကျိုးနေပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့မှ ၁၀-၇-၂၀၁၂ ရက်နေ့အထိ (၂) ရက်အား ခွင့်အဖြစ် ခွင့်ပြုပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဝင်းမြင့်အောင် မှ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဝင်းသိန်း၊ ဧရာဝတီ (၉)က ဦးသက်လင်း ၏ ခွင့်ပန်ကြားချက်ကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် မြေအမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၉-၇-၂၀၁၂ ရက်နေ့ တစ်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းသိန်း မှ ဦးသက်လင်း ၏ ကိုယ်စား ခွင့်တိုင်ကြားရခြင်း ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က ခွင့်ပြုတဲ့အတွက် ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဒေါက်တာလှသိန်း၊ မွန်(၆)က ဦးဇော်နိုင်ဦး ၏ ခွင့်ကို ကိုယ်စားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာလှသိန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး သည် မိမိကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ခုနှစ်မှ ၁၁-၇-၂၀၁၂ ခုနှစ်အထိ ခွင့် (၃)ရက် အဖြစ် သတ်မှတ်ပေးပါရန် ဦးဇော်နိုင်ဦး ၏ ကိုယ်စား ကျွန်တော် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာလှသိန်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ဦးစောအုန်း၊ မွန်(၉)က ဦးညီညီထွန်း ၏ ခွင့်ကို ကိုယ်စား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဒု-ဥက္ကဋ္ဌကြီး ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း သည် နေထိုင်မကောင်းဖြစ်နေပါ၍ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ခွင့် (၃) ရက် ခွင့်ပြုပေးနိုင်ပါရန် ဦးညီညီထွန်း ၏ ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစောအုန်း မှ ရိုသေစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)က ဦးစိုးဟန်လင်း ၏ ခွင့်ကို ကိုယ်စား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစိုးဟန်လင်း ဟာ မိခင်အိုကြီးရဲ့ ကျန်းမာရေးကို အနီးကပ်စောင့်ရှောက်ရန် ရှိပါ၍ ယနေ့ ၉-၇-၂၀၁၂ ခုနှစ်မှ ၁၁-၇-၂၀၁၂ ခုနှစ်အထိ (၃)ရက်ကို ခွင့်ပြုပေးပါရန် လေးစားစွာ ကိုယ်စား ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)က တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ဦးစိုင်းဝင်းမောင်၊ ရှမ်း (၅)က ဦးရှုမောင် ၏ ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒု -ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒ နယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် ၏ ကိုယ်စား ခွင့်ပန်ကြားမှာ ဖြစ်ပါတယ်။ ဦးရှုမောင် ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် ၉-၇-၂၀၁၂ မှ ၁၃-၇-၂၀၁၂ အထိ ခွင့် (၅) ရက် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း (၂)က ဦးစိုင်းမြမောင် ၏ ခွင့်ကို ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်သော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် စိုင်းကျော်ဇောသန်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးစိုင်းမြမောင် ဟာ ယင်းရဲ့ နှလုံးကျန်းမာရေးအတွက် နေပြည်တော် ကုတင်(၁၀၀၀)မှာ သွားရောက်ပြီးတော့မှ ဆေးစစ်ဆေးဖို့အတွက် ယ နေ့ ၉-၇-၂၀၁၂ ရက်နေ့ကို ခွင့်ရက်အဖြစ်ပေးပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၈။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးကျော်သိန်း၊ မွန်(၄)က ဦးနိုင်ထွန်းအုံ ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးကျော်သိန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မွန် ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးနိုင်ထွန်းအုံ ၊ ရန်ကုန်မြို့မှာ ဆေးစစ်ခံရန်ရှိတဲ့အတွက် ဇူလိုင်လ (၉) ရက်နှင့် (၁၀) ရက်ကို ခွင့် (၂) ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ကျွန်တော် ဦးကျော်သိန်း က ခွင် ့ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)က ဦးဖိုးဇော် ၏ ခွင့်လျှောက်ထားမှုကို ကိုယ်စား ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဝင်းနိုင်ရှိန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် သည် မိသားစု၏ ကျန်းမာရေးကိစ္စ ဆောင်ရွက်ရန်ရှိသည့်အတွက် ၉-၇-၂၀၁၂ ရက်နေ့မှ ၁၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် (၃) ရက် ခွင့်ပြုပေးနိုင်ပါရန် ၎င်း၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ကျွန်တော် ဝင်းနိုင်ရှိန် က လေးစားစွာ ခွင့် ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ဦးမြင့်လှိုင်၊ ရခိုင် (၁၂)က ဦးဒွေးဝင်း ၏ ခွင့်ကို ကိုယ်စားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဝင်း ဟာ မိမိကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၉-၇-၂၀၁၂ မှ ၁၀-၇-၂၀၁၂ အထိ ခွင့် (၂) ရက် အဖြစ် သတ်မှတ်ပေး ပါရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ကျွန်တော် ဦးမြင့်လှိုင် မှ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဒုတိယဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဇော်မြင့်ဖေ၊ မန္တလေး (၅)က ဦးစိုးမြင့် ၏ ခွင့်ကို ကိုယ်စားတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဒုတိယ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်မန္တလေးတိုင်းက လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) ဦးစိုးမြင့် ဟာ သွားကိုက်ရောဂါ ခံစားနေရပါ၍ ယနေ့ ခွင့်တစ်ရက် ခွင့်ပြုပေးနိုင်ပါရန် ၎င်း၏ ကိုယ်စား ကျွန်တော် တင်ပြအပ်ပါသည် ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၃။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအ ဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ခွင် ့ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားသောမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းသည့် မေးခွန်းများသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မင်းပြားမြို့နယ်၊ မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ၊ မြင်းကဆိပ်ရွာသူရွာသား များက မင်းပြားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သီးစားခ ကင်းလွတ်ခွင့် ပြုရန် အသနားခံစာ တင်သွင်းခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ မည်သို့ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် မင်းပြားမြို့နယ်အထက် ငှက်ပျောချောင်းကျေးရွာအုပ်စု၊ ကြက်ယက် ကျေးရွာနေ ရွာသူရွာသားများက ယနေ့ နေထိုင်လျှက်ရှိသည့် ရွာသစ်မှ ယခင်နေထို င်ခဲ့သော ရွာဟောင်းသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုခြင်းနှင့်ပတ်သက်၍ အစိုးရက မည်သို့ ပြောင်းရွှေ့နေထိုင်ရမည်ကို စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမောင်စောဖြူ က မင်းပြားမြို့နယ်၊ မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ၊ မြင်းကဆိပ် ရွာသူရွာသားများက မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သီးစားခ ကင်းလွတ် ခွင့်ပြုရန် အသနားခံစာ

တင်သွင်းခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ မည်သို့ ဆောင်ရွက် နိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် မင်းပြားမြို့နယ်အထက် ငှက်ပျောချောင်း ကျေးရွာအုပ်စု၊ ကြက်ယက်ကျေးရွာနေ ရွာသူရွာသားများက ယနေ့ နေထိုင်လျက်ရှိသည့် ရွာသစ်မှ ယခင်နေထိုင်ခဲ့သော ရွာဟောင်းသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လိုခြင်းနှင့် ပတ်သက်၍ အစိုးရက မည်သို့ ပြောင်းရွှေ့နေထိုင်ရမည်ကို စီစဉ်ပေးနိုင်ခြင်း ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ဖြစ်ပါတယ်။ ဦးမောင်စောဖြူ မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဦးမောင်စောဖြူ၊ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌနှင့်တကွ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပြီးတော့ ကျွန်တော် ဒီနေရာက ဂါဝရပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မင်းပြားမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော်တင်ဖို့ မေးခွန်းကတော့ မင်းပြားမြို့နယ်၊ မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာနေ ကျေးရွာသားများက မင်းပြားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သီးစားခ ကင်းလွတ်ခွင့်ပြုရန် အသနားခံစာ တင်သွင်းခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာမှ မည်ကဲ့သို့ ဆောင်ရွက်နိုင်ခြင်း ရှိ /မရှိကို မေးမြန်းခြင်းဖြစ်ပါတယ်။

မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ တောင်သူလယ်သမားတွေဟာ သူတို့ (၂၅)ယောက် လက်မှတ်ထိုးပြီးတော့ ကျွန်တော်ဆီကို စာ တင်ပါတယ်။ ကျေးရွာသားတွေနဲ့လည်း ကျွန်တော် တွေ့ဆုံခဲ့ပါတယ်။ အဲဒီ မြင်းကဆိပ်ရွာသားတွေဟာ သူတို့ရဲ့ လယ်ကထွက်တဲ့ ပစ္စည်းပေါ်မှာမူတည်ပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို သီးစားခ မတရားသဖြင့် ပေးနေရတာကို သူတို့က ပြောခဲ့ပါတယ်။ သူတို့ပြောတာက မြင်းကဆိပ်ကျေးရွာရှိ ကွင်း အမှတ် (၁၃၄၉)မှာ လယ်သမားတွေက ၁၉၈၈-၁၉၈၉ ခုနှစ် တွင် တောရိုင်းမြေကို ဓားမဦးချ ခုတ်ထွင် ရှင်းလင်းပြီးတော့ လုပ်ကိုင်စားသောက်လာခဲ့ကြပါတယ်။ အဲဒီအချိန်မှာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အတင်းအဓမ္မ အဲဒီလယ်သမားတွေဆီက သက်သာဆိုပြီးတော့ (၁)ဧကကို ကျပ်(၁၅၀၀၀)နှုန်းဖြင့် နှစ်စဉ်ကောက်ခံခဲ့ပါတယ်။ ယခုနှစ်တွင်လည်း ၎င်းရွာသူ /ရွာသားတွေဟာ

သဘာဝဘေးဒဏ်ကို (၂)ကြိမ်ခံခဲ့ရပါတယ်။ လေဘေး၊ ရေဘေးဒဏ်ကို ခံခဲ့ရပါတယ်။ အဲဒီဒဏ်ကြောင့် စပါးအထွက်နှုန်းဟာ ကျဆင်းသွားတယ်။ အဲဒီကျဆင်းသွားတဲ့အခါ ရွာသူ /ရွာသားတွေက အဲဒီအထွေထွေ ဦးစီးဌာနကို ပြောပါတယ်။ စာတင်ပါတယ်။ လျှော့ပေးဖို့အတွက် ဒါပေမဲ့ သူတို့က ဘာမှ မပြောပါဘူး။ ယခုမှာလည်း အတင်းကောက်နေပါတယ်။ ရခိုင်ပြည်နယ်အစိုးရသို့လည်း ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့မှာ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ အသနားခံစာကို တင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာမှ အကြောင်းမပြန်ပါဘူး။ အဲဒါကြောင့် မို့ လို့ လယ်သမားများဘဝ ဆင်းရဲမှုလျှော့ချနိုင်ရေး နိုင်ငံတော် အစိုးရမှ အကူအညီပေး ဆောင်ရွက်ပေးပါရန်နှင့် မိမိလယ်လုပ် မြေကို ဦးပိုင်ပေါက်အဖြစ်သို့ တရားဝင် လုပ်ကိုင်ခွင့် ပြုပါရန် အစိုးရသို့ တင်သွင်းခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီမေးခွန်းရဲ့ နိဂုံးချု ပ်အနေက မင်းပြားမြို့နယ်၊ မင်းဇီးကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ၊ မြင်းကဆိပ်ရွာသူ /ရွာသားများက မင်းပြားမြို့နယ် အထွေထွေအုပ်ချု ပ်ရေး ဦးစီးဌာနမှ သီးစားခ ကင်းလွ တ်ခွင့် ပြုပါရန် အသနားခံစာ တင်သွင်းခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ မည်ကဲ့သို့ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိကို မေးမြန်းခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းတစ်ခုကတော့ မင်းပြားမြို့နယ်အထက် ငှက်ပျောချောင်ကျေးရွာအုပ်စု၊ ကြက်ယက်ကျေးရွာနေ ရွာသူ /ရွာသား (၇၆)ယောက်က ယနေ့နေထိုင်လျက်ရှိသည့် ရွာသစ်မှ ယခင်နေခဲ့သော ရွာဟောင်းသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လိုခြင်းနှင့် ပ တ်သက်၍ အစိုးရက မည်သို့ပြောင်းရွှေ့နေထိုင်ရမည်ကို စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီကြက်ယက်ကျေးရွာဟာ အရ င်တုန်းက ရွာဟောင်းမှာ ရှိပါတယ်။ ရွာဟောင်းမှာ စည်စည်ကားကားနဲ့ ဘုရားရှိခိုးကျောင်းတွေ၊ စေတီပုထိုးတွေနဲ့ ရေကန်ရေတွင်းတွေနဲ့ တော်တော်ကို စည်ခဲ့ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၁၉၇၉ ခုနှစ် ရိုးမစစ်ဆင်ရေးကြောင့် အဲဒီ ရွာဟာ ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ယခုနေရာသို့ ရွာသစ်အဖြစ် ရွှေ့ပြောင်းပေးခဲ့ကာ နှစ်ပေါင်း (၃၀)ကြာခဲ့ပါပြီ။ ကြက်ယက်ရွာသစ်ဟာ မင်းကြောင်းမြစ်နှင့် ကြက်ယက်လန်ပိုက် ချောင်းဆုံရာ မြေနိမ့်ချိုင့်ဝှမ်းတွင် ရှိပါတယ်။ မြေနိမ့်ချိုင့်ဝှမ်းဆိုတာ မိုးရွာလျှင်ရေ တင်တယ် စသည်အားဖြင့် မြစ်က ရေတက်တယ်။ အဲဒီမိုးနဲ့ နွေရာသီမှာ ဆိုးကျိုးတွေကို ကျွန်တော်တို့ ကြက်ယက် ရွာသူ /ရွာသားတွေက တွေ့ခဲ့ရပါတယ်။ ဘာတွေတွေ့သလဲဆိုရင် မိုးတွင်း မြစ်ရေလျှံ၍ တစ်ရွာလုံး ရေလွှမ်းမိုးခြင်းကိုလည်း တွေ့ကြုံခဲ့ရပါတယ်။ ကလေးသူငယ်များ ကျောင်းတက်/ကျောင်းဆင်း

အန္တရာယ်များတာကိုလည်း တွေ့ခဲ့ရပါတယ်။ ခြင်၊ ယင် ပေါများခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ နာရေးကိစ္စအတွက် ကျေးလက်ဆေးရုံ၊ ဆေးပေး ခန်းကိုလည်း သွားဖို့အတွက် ခဲယဉ်း ခဲ့ပါတယ်။ လေပြင်းမုန်တိုင်းဒဏ်ကို မကြာခဏ ခံရခြင်း၊ ရေတက်လာပါက ဘေးကင်းရာသို့ ထွက်ပြေးရန် ခက်ခဲခြင်း၊ လယ်ယာဥယျာဉ် လုပ်ငန်းခွင်နှင့် ဝေးကွာခြင်းကြောင့် ကျွဲ၊ နွားပျောက်ဆုံးခြင်း တို့ကိုလည်း တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခင်က ရွာဟောင်းနားမှာသာ လယ်ယာမြေ ရှိတယ်။ ယခုရွာသစ် နားမှာဆိုတော့ လယ် ယာမြေနဲ့ တော်တော်ဝေးတော့ နွေရာသီ မတ်လ၊ ဧပြီလ၊ မေလများတွင် ရေရှားပါးခြင်း၊ ကလေးသူငယ်များ ရေကြောင့် ဖြစ်တတ် သော ရောဂါများဖြစ်ခြင်း၊ ရွာသစ် ပတ်ဝန်းကျင်တွင် ရေကန်တူးဖော်သော်လည်း မိုးတွင်း၌ သာ အသုံးဝင်ပြီး နွေအခါ ဆားငန်ရေ ဖြစ်ခြင်း စတဲ့ ဆိုးကျိုးများကို ခံစားခဲ့ရပ ါတယ်။ အဲဒီတော့ ရွာသစ်မှ ရွာဟောင်းသို့ ပြောင်းပေးရင် ဘာတွေဖြစ်မှာလဲ ဘာအကျိုးရှိမှာလည်း သူတို့က ဖော်ပြထားပါတယ်။ ကြက်ယက်ကျေးရွာ ဟောင်းမှာ ရန်ကုန် -စစ်တွေ အာရှလမ်းမကြီးအနီး တည်ရှိရာ အခြေခံပညာအထက်တန်း ကျောင်းခွဲသို့ ကလေးများသွားရောက် ပညာသင်ကြားနိုင် ပါမယ်တဲ့။ အဲ ဒီ ကြက်ယက်ရွာဟောင်းမှာ အခြေခံပညာအထက်တ န်းကျောင်းခွဲတွေ ရှိပါတယ်။ အဲဒီကျောင်းခွဲကို သွားဖို့အတွက်လည်း လွယ်ပါတယ်။ နိုင်ငံတော်အတွက် လုံခြုံရေးနှင့် ၁၇၆ ပေ အရှည်ရှိသော ဖားပျော်ဘုံတားလုံခြုံရေးကိုပါ စိတ်ချရပါတယ်တဲ့။ ရွာဟောင်းတွင် သောက်ရေကန် (၄)ကန်ရှိရာ ရေကောင်းရေသန့်များ ရနိုင်ပါတယ်၊ သာသ နိက အဆောက်အဦးကို အနီးကပ် ပြုပြင်၍ စောင့်ရှောက်နိုင်ပါတယ်တဲ့ စသည်ဖြင့် ရွာဟောင်းသို့ ပြောင်းရွှေ့နေထိုင်ခြင်းအားဖြင့် ရွာသားတွေဟာ အကျိုးကျေးဇူးရှိမယ်လို့ သူတို့က ဆိုထား ပါတယ်။ နောက်တစ်ခုက အမှတ် (၉) တပ်မတော်တန်းမြှင့်လေ့ကျင့်ရေးကျောင်း တပ်နယ်မှူးက ထောက်ခံပေးထားပါတယ်။ အရင်က ရွာသစ်သို့ ပြောင်းတဲ့အတွက်ကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ နစ်နာခဲ့ပါတယ်တဲ့။ အဲဒါကြောင့် ရွာဟောင်းသို့ ပြောင်းဖို့အတွက် ထောက်ခံတယ်ဆိုတဲ့ သဘောကို တပ်မ မှူးက ထောက်ခံပေးထားပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီမေးခွန်းနှ င့် ပတ်သက်လို့ မေးမှာက မင်းပြား မြို့နယ်အထက် ငှက်ပျောချောင်း ကျေးရွာ အုပ်စု၊ ကြက်ယက်ကျေးရွာနေ ရွာသူ /ရွာသားများက ယနေ့နေထိုင်လျက်ရှိသည့် ရွာသစ်မှ ယခင်နေခဲ့သော ရွာဟောင်းသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လိုခြင်းနှင့် ပတ်သက်၍ အစိုးရက မည်သို့ ပြောင်းရွှေ့နေထိုင်ရမည်ကို စီစဉ်ပေး နိုင်ခြင်း ရှိ/မရှိကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ မိမိကိုယ်ပိုင် ရပ်တည်လိုသော စန်းမြို့ရွာ၊ သင်တောရွာ၊ ကုက္ကားရွာ၊ တော်ဝင်ရွာများအား သီးခြားလွတ်လပ်သော ကျေးရွာများအဖြစ် သတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်ရှိ မိမိကိုယ်ပိုင် ရပ်တည်လိုသော စန်းမြို့ရွာ၊ သင်တောရွာ၊ ကု က္ကားရွာ၊ တော်ဝင်ရွာများအား သီးခြားလွတ်လပ်သော ကျေးရွာများအဖြစ် သတ်မှတ်ရန် အစီအစဉ် ရှိ /မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုး သားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလို တဲ့ မေးခွန်းကတော့ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ် အတွင်းမှာရှိတဲ့ လယ်ကြီးအုပ်စု စန်းမြို့ရွာ၊ ရွှေဘိုအုပ်စု သင်တောရွာ၊ ဟံသာဝတီအုပ်စု ကုက္ကားရွာနှင့် နှမ်းခါးအုပ်စုမှာပါတဲ့ တော်ဝင်ကျေးရွာများကိစ္စ ဖြစ်ပါတယ်။ ဒီရွာတွေဟာ မူလရွာကြီးတွေကနေ လက်အောက်မှာရှိတဲ့ ရွာခွဲတွေ ဖြစ်ပြီးတော့ ဒီရွာတွေဟာ သီးခြားလွတ်လပ်တဲ့ ရွာတွေအဖြစ် ကိုယ့်ရွာအုပ်ချုပ်ရေးမှူးနဲ့ကိုယ် နေထိုင်လိုကြောင်း သူ တို့ရွာတွေက ဆရာတော်တွေ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေ၊ ရွာသူ /ရွာသားတွေက လက်မှတ် ရေးထိုးပြီးတော့ ကျွန်တော့်ဆီကို တင်ပြ လာပါတယ်။ ဒီလို တင်ပြတဲ့အတွက်ကြောင့် ကျွန်တော်ဟာ ယခုလို လွှတ်တော်ကြီးမှာ မေးမြန်း ရခြင်းဖြစ်ပါတယ်။

ဒီ လယ်ကြီးအုပ်စုမှာရှိတဲ့ စန်းမြို့ဆိုလို့ရှိရင်လည်း ချောင်ကြား၊ မြောင်းကြား တကယ်ကို Isolated ဧရိယာမှာရှိတဲ့ ရွာဖြစ်ပါတ ယ်။ ဒီရွာဟာဆိုလည်း ၁၉၆၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တဲ့ ရွာဖြစ်ပြီး တော့ လက်ရှိမှာ အိမ်ခြေကလည်း ၁၉၅ အိမ်၊

အိမ်ထောင်စု ၁၉၅ စုနဲ့ လူဦးရေ ၈၅၃ ဦး ရှိပါတယ်။ ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်းတို့ တည်ရှိပြီးတော့ လယ်ယာမြေ ၉၄၈ ဧက စသည်ဖြ င့် သူ့အထက်က အုပ်စုရွာဖြစ်တဲ့ လယ်ကြီးရွာထက်ကို ပိုပြီးတော့ အိမ်ခြေရော များပြီးတော့ စည်ပင်ဝပြောနေတဲ့ ရွာကြီးတစ်ရွာ ဖြစ်နေပါတယ်။ ရွှေဘိုအုပ်စု သင်တောရွာမှာ ဆိုရင်လည်း ၁၉၁၂ ခုနှစ်တည်းက တည်ထောင်ခဲ့တာရှိပြီးတော့ ယခုဆိုလို့ရှိယင် နှစ် (၁၀၀)ပြည့်ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ သူဟာလည်း ရွှေဘိုရဲ့ လက်အောက်မှာ နေနေရတဲ့အတွက် သူကိုယ်တိုင် ကိုယ့်အုပ်ချုပ်ရေးမှူးနဲ့ကိုယ် ရပ်တည်လိုတဲ့ ရွာဖြစ်လိုကြောင်း တင်ပြလာပါတယ်။ ဟံသာဝတီ အုပ်စုမှာရှိတဲ့ ကုက္ကားရွာ ဟာဆိုရင်တော့ ၁၉၆၆ ခုနှစ်ကတည်းကစပြီးတော့ တည်ထောင်ခဲ့တဲ့ ရွာဖြစ်ပြီးတော့ အိမ်ခြေ ၂၀၀ ကျော် ရှိပါတယ်။ လူဦးရေ၁၀၀၀ နီးပါး ရှိပါတယ်။ ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်း၊ ဆေးခန်းစသည်ဖြင့် အစစအရာရာ ပြည့်စုံတဲ့ ရွာကြီးတွေ ဖြစ်ပါတယ်။ နှမ်းခါးအုပ်စု တော်ဝင်ရွာမှာဆိုရင်လည်း ၁၉၂၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီးတော့ ဟုတ်လား ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်း စသည်ဖြင့် ပြည့်စုံစွာရှိပါတယ်။

ကျွန်တော် တင်ပြလိုတာကတော့ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ဆိုလိုတာကတော့ အထက် အကြီးအကဲများက ချမှတ်ပေးလိုက်တဲ့ High policy တွေကို လက်အောက်ကို မြန်မြန်ရောက်ဖို့ ဆိုလို့ရှိရ င် အဆင့်များများမခံလေ ကော င်းလေလို့ ကျွန်တော့်အနေနဲ့ ယူဆ ပါတယ်။ (၃)ရက်နေ့က သမ္မတကြီး ညွှန်ကြားခဲ့သလိုပေါ့။ ပြည်သူတွေဟာ Change ကို အမှန်တကယ် လိုအပ်နေပြီ။ စာရွက်ပေါ်မှာပဲ Change တာ မလိုချင်ဘူး။ အောက်ခြေထိ Change တာကို လိုချင်တယ်ဆိုလို့ရှိရ င်တော့ ရွာခွဲတွေဟာ ကိုယ့် ဟာကိုယ် ရပ်တည်နိုင်တဲ့ ရွာတွေအဖြစ် အုပ်စုရွာတွေအဖြစ် ရပ်တည်နိုင်မယ်ဆိုရင် အထက်ကချမှတ်တဲ့ ညွှန်ကြားချက်တွေ အမိန့်တွေကို မြန်မြန်ဆန်ဆန် လက်အောက်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ ရွာတွေဟာ အဆင့်ဆင့်များလေလေ၊ အဆင့်ခံ၊ ကြားခံ များလေလေ အပေါ်က Highest Policy တွေက အောက် ရောက်သွားလို့ရှိရင် လွဲ သွားလေလေ ကျွန်တော့်အနေနဲ့ ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒီထက်အိမ်ခြေများ၊ ဒီထက်လူဦးရေ များတဲ့ရွာတွေ ပေးသင့်တဲ့ ရွာတွေလည်း ရှိကောင်းရှိမှာ ဖြစ်ပါတယ်။ သို့သော် ယခု ကျွန်တော်တင်ပြတဲ့ ရွာတွေကတော့ ချောင်းကြား၊ မြောင်းကြား ၊ သီးခြား (Isolated) ဖြစ်နေတဲ့ ရွာတွေဖြစ်တဲ့အတွက် သူတို့ဖာသာ

သူတို့ ရပ်တည်တဲ့ ရွာတွေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ပေးမယ်ဆိုလို့ရှိယင် အင်မတန် ကောင်းမွန်တဲ့ ကျေးရွာတွေအဖြ စ်၊ စည်ပင်ဝပြောတဲ့ ရွာတွေအဖြစ် ရောက်ရှိလာမယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် အခုလို ဒုတိ ယဥက္ကဋ္ဌကြီးမှတစ်ဆင့်၊ လွှတ်တော် မှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ တစ်ခုခြင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၀။**

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ယခု ရခိုင်ပြည်နယ်၊ အမှတ် (၄)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ ရဲ့ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ် မင်းဇီး ကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာ၊ မြင်းကဆိပ် ရွာသူ /ရွာသားများကနေပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သီးစားခ ကင်းလွတ်ခွင့်ပြုရန် အသနားခံစာ တင်သွင်းခြင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာမှ မည်သို့ ဆောင်ရွက်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မင်းပြားမြို့နယ်၊ မင်းဇီးချောင်းကျေးရွာအုပ်စု၊ မြင်းကဆိပ်ကျေးရွာရှိ ကွင်းအမှတ်(၁၃၄၉)၊ ကွင်းအမည် (မြင်းကဆိပ်)ကွင်းရှိ တောင်သူ (၃၆)ဦး လုပ်ကိုင်နေတဲ့ စားကျက်မြေ (၈၅.၈၇) ဧကဟာ ၁၉၈၈-၁၉၈၉ ခုနှစ် အထိ စားကျက်မြေအဖြစ် တည်ရှိခဲ့ပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ စိုက်ဧကတိုးချဲ့ ဖော်ထုတ်ရေး စီမံချက်အရ ယခင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အထက်ဌာနများရဲ့ ညွှန်ကြားချက် နှင့်အညီ စားကျက်မြေများကို တိုးချဲ့ဖော် ထုတ်လာခဲ့တာဖြစ်ပြီး မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေး

ဦးစီးဌာနအနေနဲ့ တစ်ဧကကို စပါး (၆)တင်းနှုန်းဖြင့် တောင်သူများနဲ့ နှစ်ဖ က်သဘောတူစာချုပ် ချုပ်ဆိုပြီးတော့ ကတိကဝတ်ပြု အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်အရ စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ၂၈-၅-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၄/၁-၁/ ဦး-၁ (၁၃၄၂) ဖြင့် စားကျက်မြေများကို တရားဝင် ပယ်ဖျက်ခွင့်မရဘဲ သီးစားချထားခြင်း မပြုလုပ်ရန်နှင့် ငွေကြေးကောက်ခံခြင်း မပြုလုပ်ရန် ညွှန်ကြားထားပြီးလည်း ဖြစ်ပ ါတယ်။ အဲဒီ ညွှ န်ကြားချက်များအရ မင်းပြားမြို့နယ် အတွင်းမှာရှိတဲ့ ဌာနဆိုင်ရာများ၊ ရပ်ကွက် /ကျေးရွာအုပ်ချုပ်ရေးမှူး များကို မ င်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၃၁-၅-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၅/၁-၃/ဦး ၆ ဖြင့် ဆက်လက်ညွှန်ကြားထားရှိပြီးတော့ အဲဒီနေ့မှစပြီး စားကျက်မြေ များကို တစ်စုံတစ်ရာ ငွေကြေး ကောက်ခံခြင်း၊ အကျိုးတူလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် စားကျက်မြေကျူးကျော်ခြင်း မပြုရန်အတွက်လည်း စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၄-၆-၂၀၁၂ ရက်စွဲပါ စာအမှတ်၊၄/၃-၁/ဦး-၁(၉၃၄) အကြောင်းကြားစာအရ ၈-၆-၂၀၁၂ ရက်နေ့မှာ တောင်သူ (၃၆)ဦးကိုယ်စား တောင်သူ(၉)ဦးကို မင်းပြားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ခေါ်ယူပြီး ကွင်းအမှတ် (၁၃၄၉) မှာရှိတဲ့ စာကျက်မြေ(၈၅.၈၇)ဧကကို မူလအတိုင်း စားကျက်မြေ အဖြစ် ဆက်လက်ထားရှိရန် အသိ ပေး ရှင်းလင်းပြောကြားခဲ့ပြီးတော့ တောင်သူကိုယ်စားလှယ်များမှလည်းသိရှိကြောင်း လက်မှတ် ရေးထိုး ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူ ရဲ့ ရခိုင် ပြည်နယ်၊ မင်းပြားမြို့နယ်၊ အ ထက်ငှက်ပျောချောင်း ကျေးရွာအုပ်စု၊ ကြက်ယက်ကျေးရွာကို ယခင်နေထိုင်ခဲ့သော နေရာဟောင်းသို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုပါရန် မေးခွန်းနှင့်စပ်လျဉ်း၍ လည်း ကျွန်တော်ကပဲ ဆက်လက်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ရခို င်ပြည်နယ်ကို ခရိုင် (၄) ခရိုင်၊ မြို့နယ် (၁၇)မြို့နယ်၊ မြို့နယ်ခွဲ(၃)ခု၊ မြို့ (၂၀)မြို့၊ ရပ်ကွက် (၁၃၃)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၀၄၀)အုပ်စု၊ ကျေးရွာ (၃၈၆၀)ရွာတို့နဲ့ ဖွဲ့စည်းထားရှိ ပြီးတော့ စစ်တွေခရိုင်အတွင်းမှာ ရှိတဲ့ မင်းပြားမြို့နယ်ကို ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၆၂)အုပ်စု၊ ကျေးရွာ(၂၆၉)ရွာနဲ့ ဖွဲ့စည်း ထားရှိခဲ့ပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့ ၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန် ၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲခြင်းတို့ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ် အုပ်ချုပ်ရေးမှူးများရဲ့ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ၊ တိုင်းဒေသကြီး /ပြည်နယ်အစိုးရ အဖွဲ့၏ သဘောတူညီကြောင်း အစည်းအဝေးမှတ်တမ်း၊ သက်ဆိုင်ရာဝန်ကြီးချုပ်ရဲ့ သဘောတူ ညီကြောင်း ထောက်ခံ ချက်၊ လိုအပ်တဲ့အချက်အလက်များ၊ မြေပုံများ၊ ပြည့် စုံစွာပါဝင်တဲ့အမှုတွဲ ကို တည်ဆောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရမှာ ဖြစ်ပါတယ်။ မင်းပြားမြို့နယ်၊ အ ထက်ငှက်ပျောချောင်းကျေးရွာအုပ်စု၊ ကြက်ယက်ကျေးရွာဟာ ယခင်က တောင်ရင်းတန်းမှာ တည်ရှိခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မတိုင်မီက သောင်းကျန်းသူများ ကို ဖြတ်(၄)ဖြတ်နဲ့စစ်ဆင်ရေးဆောင်ရွက်ခဲ့စဉ်က ငှက်ပျောချောင်းကျေးရွာနဲ့နီးစပ်တဲ့ မင်းကြောင်း မြစ်ကမ်းအရှေ့ဘက်မြေပြန့်မှာ ၁၉၇၉ ခုနှစ်ကစတင်ပြီး တောင်ရင်းတန်းနေရာကနေ ယခု နေရာကို ပြောင်းရွှေ့ခဲ့ခြင်းဖြစ် ပါတယ်။ ကြက်ယက်ကျေးရွာမှာ ဘုန်တော်ကြီးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း တစ်ဆောင်နဲ့ ကျေးလက်ဆေးပေးခန်းများ ရှိတဲ့အတွက်ကြောင့် ပညာသင်ကြားနိုင်ခြင်း၊ ကျန်းမာရေးနဲ့ပတ်သက်လို့ ခက်ခဲမှုမရှိခြင်း၊ ရေလမ်း၊ ကုန်းလမ်း ခရီးသွားလာမှု လွယ်ကူခြင်းနဲ့ သော က်သုံးရေကန်တွေ ရှိတာတွေကြောင့် အဖက်ဖ က်က ပြည့်စုံမှုရှိကြောင်း တွေ့ရှိရပါတယ်။

ကြက်ယက်ကျေးရွာသူ/ရွာသားတချို့မှာ ရွာဟောင်းကို ပြောင်းရွှေ့ဖို့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်စွဲနဲ့ တင်ပြစာအပေါ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ မင်းပြားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ရက်စွဲပါ စာအမှတ်၊ ၅/၃၀-၁/ဦး (၆)နဲ့ မြို့နယ်စည်ပင်သာ ယာရေး ခေါင်းဆောင် အဖွဲ့ကနေပြီးတော့ ကွင်းဆင်းပြီးတော့ ပြည်သူလူထုနဲ့ ထိတွေ့ပြီး မြေပြင်အခြေအနေတွေကို စုံစမ်းခဲ့ရာတွင် ကြက်ယက်ကျေးရွာသည် ရွာဟောင်း ကနေ ယခု နေရာကို ပြောင်းရွှေ့နေထိုင်ခဲ့တာ နှစ်ပေါင်း (၃၃)နှစ်ကြာမြင့်ခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနဲ့ လမ်းပန်းဆက်သွယ်ရေး ဟာ အလွန်ကောင်းမွန် နေပြီဖြစ်ကြောင်း၊ ရွာဟောင်းကို ပြောင်းရွှေ့မယ်ဆိုရင် လမ်းဖောက်လုပ် ခြင်းနဲ့သောက်သုံးရေကန်တူးဖော်ခြင်း၊ အခြေခံပညာမူလတန်းကျောင်းနဲ့ ဘုန်းတော်ကြီးကျောင်းတွေ

အသစ်တစ်ဖန်ဆောက်လုပ်ဖို့ လိုအပ်မှာဖြစ်တဲ့အတွက်ကြောင့်ယခုနေရာမှာသာ ဆက်လက်ထား ရှိ သင့်ကြောင်း သုံးသပ်အကြံပြုထားပါတယ်။

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကွင်းဆင်းစစ် ရေးအဖွဲ့ရဲ့ ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နဲ့ အကြံပြုတင်ပြချက်များအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများပါဝင်တဲ့အဖွဲ့နဲ့ ထပ်မံကွင်းဆင်းစစ်ဆေးဖို့ ဆောင်ရွက် လျက်ရှိကြောင်းနှင့် ကျေးရွာသူ / ကျေးရွာသားများရဲ့ သဘောထားဆန္ဒရယူဆောင်ရွက်သွားဖို့ လည်း စီစဥ်ထားရှိကြောင်း တွေ့ရှိရပါတယ်။ ရခို င်ပြည်နယ်၊ မင်းပြားမြို့နယ်၊ အထက် ငှက်ပျောချောင်း ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကြက်ယက်ကျေးရွာကို ယခင် ကျေးရွာဟောင်း နေရာသို့ ပြန်လည်ပြောင်းရွှေ့ နေထိုင်လိုခြင်းကိစ္စနဲ့ ပတ်သက်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာ များ ပါဝင်တဲ့ ကွင်းဆင်းစစ်ဆေး ရေး အစီရင်ခံစာများနဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရ ရဲ့ သဘောထားမှတ်ချက်များနဲ့အတူ နိုင်ငံတော်သမ္မတရုံးကို တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ အမှတ် (၁၂) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ မိမိကိုယ်ပိုင်ရပ်တည်လိုသော ကျေးရွာများအား သီးခြားလွတ်လပ်သောကျေးရွာများအဖြစ် သတ်မှတ်ရန် အစီအစဥ်ရှိ /မရှိ မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်း ဒေသကြီးမှာ လက်ရှိအခြေ အနေအရခရိုင်(၅)ခရိုင်၊ မြို့နယ် (၂၅)မြို့နယ်၊ မြို့နယ်ခွဲ (၁)ခု၊ မြို့ (၂၇)မြို့၊ ရပ်ကွက် (၁၆၆)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၅၃၉)အုပ်စု၊ ကျေးရွာပေါင်း (၄၇၉၅)ရွာ တို့နဲ့ ဖွဲ့စည်းထားရှိပြီး ဂန့်ဂေါမြို့နယ်ကို မြို့ (၁)မြို့၊ ရပ်ကွက် (၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၇၁) အုပ်စု၊ ကျေးရွာ(၁၁၃)ရွာနဲ့ ဖွဲ့စည်းထားရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက် ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိ တ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲ ရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတမှ လိုအပ် သလို ဆောင်ရွက်ပေးရမည်လို့ ဖော်ပြထားတဲ့အတွက်ကြောင့် ကျေးရွာအုပ် စု၊ ကျေးရွာများ

ပြင်ဆင်ဖွဲ့စည်းနိုင်ဖို့အတွက်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးမှတ်တမ်းများပါဝင်တဲ့ အမှုတွဲ တည်ဆောက်ပြီး နိုင်ငံတော်သမ္မတရုံးကို ခွင့်ပြုချက်ရယူတောင်းခံ တင်ပြ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဂန့်ဂေါမြို့နယ်အတွင်း မိမိကိုယ်ပိုင်ရပ်တည်လိုတဲ့ ကျေးရွာတွေကို သီးခြားလွတ်လပ်သော ကျေးရွာတွေအဖြစ် သတ်မှတ်ပေးဖို့ သက်ဆိုင်ရာကျေးရွာများကို ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ရာမှာ လယ်ကြီး ကျေးရွာအုပ်စု၊ စန်းမြို့ကျေးရွာ အုပ်စုက အုပ်စုကျေးရွာလယ်ကြီးနဲ့ (၂)မိုင်ခန့်ကွာဝေးပြီး ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အခြားကျေးရွာများထက် လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စု၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုမြင့်မားနေခြင်းနဲ့ ကျေးရွာရွာသားများမှလည်း သီးခြား ဖွဲ့စည်းရပ်တည်လိုခြင်း၊ ရွှေဘိုကျေးရွာအုပ်စု၊ သင်တောကျေးရွာက အုပ်စုကျေးရွာရွှေဘိုနှင့် နီးပေးမယ့်လည်း အုပ်စု ကျေးရွာလိုပဲ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အုပ်စုကျေးရွာနဲ့ သင်တောချောင်းကျိုး အင်းခြားနေခြင်း၊ ကျေးရွာသားများကလည်း သီးခြားဖွဲ့စည်း ရပ်တည် လိုခြင်း၊ ဟံသာဝတီကျေးရွာ အုပ်စု၊ ကုက္ကားကျေးရွာကအုပ်စု ကျေးရွာဟံသာဝတီနဲ့ (၃)မိုင် ကွာဝေးပြီး စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူဦးရေ၊ အိမ်ခြေ၊ အိမ်ထောင်စုတွေက အုပ်စုကျေးရွာရဲ့ ၄ အချိုး ၁ ခန့် ရှိပေမဲ့လည်း ရွာကြီးတစ်ရွာအဖြစ် ရပ်တည်နေခြင်း၊ ကျေးရွာ သားများကလည်း သီးခြား ဖွဲ့စည်းရပ်တည်လိုခြင်း၊ နှမ်းခါး ကျေးရွာအုပ်စု၊ တော်ဝင်ကျေးရွာ က အုပ်စုကျေးရွာ နှမ်းခါးနဲ့ (၄)မိုင် ကွာဝေးပြီး စီးပွားရေးကောင်းမွန်ခြင်း၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးစား ဆောင်ရွက်နေတဲ့ ရွာတစ်ရွာဖြစ်ခြင်း၊ ကျေးရွာသားများက လည်း သီးခြားဖွဲ့စည်းရပ်တည် လိုခြင်းတို့တွေကို စိစစ်တွေ့ရှိချက်များအရ သီးခြား ကျေးရွာအုပ်စုများ အဖြစ် ဖွဲ့စည်းခြင်းကို ဆောင်ရွ က်သင့်တယ်လို့ အစီရင်ခံစာတင်ပြလာခဲ့တဲ့အတွက် မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ကလည်း သီးခြားကျေးရွာ အုပ်စုများအဖြစ် ဖွဲ့စည်းခြင်းကို သဘောတူ ညီ ကြောင်း စိစစ်တွေ့ ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဂန့်ဂေါမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု၊ ကျေးရွာများပြင်ဆင် ဖွဲ့စည်းရန် သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်စုများအတွင်မှာရှိတဲ့ ကျေးရွာများနေ ပြည်သူလူထုဆန္ဒများနဲ့အညီ အမှုတွဲပြုစုပြီးတော့

အထက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများနဲ့ အညီ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရက နိုင်ငံတော် သမ္မတရုံးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဒုတိယဥက္ကဋ္ဌ** ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ မေးခွန်းများသည် အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**နိုင်ငံတော်သည် ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်နေပါ၍ အလုပ်အကိုင် ရရှိရေးမူဝါဒ (Employment Policy) ချမှတ်ထားခြင်း ရှိ / မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့်ဆိုင်သော ရည်မှန်း ချက်များ ရရှိရေး အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၀။**

**ဒုတိယဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က နိုင်ငံတော်သည် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်နေပါ၍အလုပ်အကိုင် ရရှိရေး မူဝါဒ (Employment Policy ) ချမှတ်ထားခြင်း ရှိ / မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း နှင့် အလုပ်သမားများ၏လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့်ဆိုင်သော ရည်မှန်းချက်များရရှိရေး အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးထားသည်ကို သိရှိ လိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာမြင့်ကြည် ၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)**။ ။အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၈) မဲဆန္ဒနယ်မြေမှ ဒေါက်တာမြင့်ကြည်ဖြစ်ပါတယ်။ အားလုံးကိုမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက် အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေး ခွန်း (၂)ခုမှာ ပထမမေးခွန်းကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံမှာပါတဲ့

ပုဒ်မ ၃၀ မှာ နိုင်ငံတော်သည် တိုင်းသူ/ပြည်သားများရဲ့ ဒီအလုပ် လက်မဲ့ နည်းပါးရေးအတွက် ကူညီဆောင်ရွက်ရမယ်လို့ ဖော်ပြထားပါတယ်။ နောက် အခုအချိန် မှာလည်းပဲ ကျွန်တော်တို့ ဆင်းရဲမှုပပျောက်ရေးကို ဆောင်ရွက်ပြီးတော့နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့ ဒီ Employment Policy အလုပ်အကိုင်ရရှိရေးမူဝါဒ နိုင်ငံတော်က ချမှတ်ထားတာ ရှိပါသလားဆိုတာလည်း သိရှိလိုပါတယ်။ မရှိသေးလို့ရှိရင်လည်း ပဲ ဆောင်ရွက်လျက် ရှိ/မရှိ မည်သည့်အခါမှာ ဒီမူဝါဒကို ချမှတ်မယ်ဆိုတာ ကျွန်တော့် အနေနဲ့ သိရှိ လိုပါတယ်။ ဒီ Employment Policy ဆိုတာ အလုပ်အကိုင် ရရှိရေးမူဝါဒဆိုတာ နိုင်ငံတိုင်းမှာ အင်မတန်မှ အရေးကြီးတဲ့ မူဝါဒတစ်ရပ် ဖြစ်ပါတယ်။ သူက အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိဖို့အတွက် ဖန်တီးပေးရမယ့်ကိစ္စရပ်များ ဖြစ်ပါတယ်။

ဒီအလုပ်အကိုင်အခွင့်အလမ်းတွေ နိုင်ငံမှာရှိလာမှနိုင်ငံမှာရှိနေတဲ့ အလုပ်လက် မဲ့များ နည်းပြီးတော့ တက္ကသိုလ် ကထွက်လာမယ့် ပညာတတ်ကလေးတွေ ၊ပညာတ တ်ပုဂ္ဂိုလ်တွေ၊ အင်ဂျင်နီယာတွေ စသည်အားဖြင့် ဒီဟာတွေလည်းအလုပ်ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အလမ်း တွေရှိမှ ဒီစီးပွားရေးဟာလည်းဘဲ ကျွန်တော်တို့ တိုးတက်လာမှာ ဖြစ်ပါတယ်။ စီးပွားရေးတွေ တိုးတက်မှ တိုးတက်တယ်ဆိုတာ GDPတွေ လည်းပဲ ကောင်းလာမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမူဝါဒနဲ့ Employment Policy နဲ့ အားလုံးဟာ ဆက်စပ် လျက် ရှိပါတယ်။ ကျွန်တော် လေ့လာသိရှိရသလောက် နိုင်ငံတိုင်းမှာ ဒီမူဝါဒဟာ၊ မူဝါဒထဲမှာ အကြမ်းဖျဉ်းအားဖြင့် တချို့တွေ ဆိုလို့ရှိရင် အဲဒီ (၇)ချက်လောက်၊ တချို့ဆိုရင် (၁၁)ချက်လောက် ဒီဟာ ပါပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ အကြမ်းဖျဉ်းကြည့်လို့ရှိရင် ရှိတဲ့သဘောမျိုး တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော့် အနေနဲ့ကတော့ ဒီ Policy ဆိုပြီးတော့ ချမှတ်ထားတဲ့ဟာ တိတိကျကျ ခိုင်ခိုင်မာမာ ရှိခဲ့လို့ရှိရင် လည်းပဲ ကျွန်တော်တို့နိုင်ငံတော်ကို နိုင်ငံသားတွေကိုကျွန်တော်တို့အားလုံးကို သိရှိအသိပေးခွင့်၊ အသိပေးဖို့လိုပါတယ်ဆိုတဲ့ဟာလည်းပဲ ကျွန်တော့်အနေနဲ့ ဆွေးနွေးချက်က ဒီဟာလည်းပဲ ပါပါတယ်။ (၇)ချက်က ဥပမာ- ကျွန်တော်တို့ အခု Micro စီးပွားရေးစနစ် SME သို့သော် Policy ထဲမှာ အကုန်ခြုံပြီးတော့ Micro စီးပွားရေးစနစ်ဆိုရင်လည်း ကျွန်တော်တို့ က ဘယ်လို ဆောင်ရွက်မယ်။ SME ဆိုလို့ရှိရင်လည်းပဲ မည်ကဲ့သို့ ကျွန်တော်တို့ ဆောင်ရွက်မယ်။ နောက် အမျိုးသမီးတွေ အလုပ်အကိုင်ရရှိ ရေး နောက် Sector၊ Sectorial ဒီ ကျွန်တော်တို့ ကဏ္ဍအလိုက် ကျွန်တော်တို့ ဖွံ့ဖြိုးပြီးတော့ အလုပ်အကိုင်ရရှိရေး၊ ကဏ္ဍအလိုက် ဆိုတာ

လယ်ယာကဏ္ဍ၊ (Agricultural)၊ နောက် ကျွန်တော်တို့ စက်မှု(Manufacturing)၊ ဒီကဏ္ဍတွေမှာ နောက် ကျွန်တော်တို့ Men power လူသားအရင်းအမြစ်တွေကို ကျွန်တော်တို့က ထုတ်တယ်။ အဲဒီ လူသားရင်းအရင်းအမြစ်တွေနဲ့ ချိတ်ပြီးတော့ စီးပွားရေးနဲ့ ကျွန်တော်တို့ (Integrated)ပေါ့၊ စီးပွားရေးနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပူးပေါင်းပြီးတော့ ဘယ်လို လုပ်ငန်းတွေရရှိအောင် နိုင်ငံတော်က စီမံချက်တွေ ဘယ်လိုရေးဆွဲထားတယ်။ ဘယ်လို မူဝါဒတွေ ရှိတယ်ဆိုတာကို သိရှိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။

တချို့ကတော့ ဥပမာ တက္ကသိုလ်ကပဲဖြစ်ဖြစ် ၊ ဘယ်ရပဲဖြစ်ဖြစ် ထွက်လာလို့ရှိရင် အလုပ်အကိုင်ဆိုတာကွာ ကျွန်တော် သာမန်စကားနဲ့ ဆွေးနွေးခြင်း ဖြစ်ပါတယ် ခင်ဗျား ။ ကျွန်တော် ကြားလည်း ကြားပါတယ်။ သူ့ဟာသူ အလုပ်ရှာမှာပေါ့။ ဘယ်နိုင်ငံကမှ ဘယ်သူကမှ မရှာပေးပါဘူး။ ဒီလို ကျွန်တော်တို့ ကောက်ချက်ချ ချမှတ်တာတွေ ရှိပါတယ်။ ဒါ ကျွန်တော့် ရဲ့ အတွေ့အကြုံအရ ကျွန်တော်သွားပြီးတော့ ပညာသင်တဲ့အခါမှာ ဒီတက္ကသိုလ်တွေမှာ နိုင်ငံခြားက တက္ကသိုလ်တွေမှာ ပြီးတာ နဲ့ သက်ဆိုင်ရာ ကုမ္ပဏီတွေ ၊ သက်ဆိုင်ရာ လုပ်ငန်းတွေ ၊ နောက် Training Center တွေမှာ လုပ်နေတဲ့၊ တက်နေတဲ့ ကလေးတွေဆိုလဲဘဲ ဒီလိုပဲ Job Offer တွေပေါ့လေ။ သူတို့လာပါတယ်။ သူတို့က ဒီဟာတွေကို လာပြီးတော့ သက် ဆိုင်ရာကျောင်းတွေမှာဆိုလို့ရှိရင်လည်းပဲ သက်ဆိုင်ရာ ပါမောက္ခ တွေ ခုနတု န်းက Training Center မှာဆိုရင်လည်း သက်ဆိုင်ရာ Supervisor တွေနဲ့ ညှိနှိုင်းပြီးတော့ ဒီအလုပ်အကိုင်တွေကို သူတို့ ပေးပါတယ်။ ဒီကျောင်းတွေကလည်းပဲ အဲဒီအလုပ်အကိုင်တွေ ရရှိဖို့အတွက် ညှိနှိုင်းပါတယ်။ ဒီလို Policy ကျွန်တော်တို့က ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ ကျွန်တော်တို့ ဆီက ထွက်လာတဲ့ကလေးတွေ အခု အလုပ်လက်မဲ့ပညာတတ်တွေ အများကြီး ရှိပါတယ်။ အလုပ်လက်မဲ့ဆရာဝန်တွေလည်း ရှိပါတယ်။ တောသူတောင်သားတွေမှာလည်းပဲ အများကြီး အလုပ်လက်မဲ့ရှိ ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီအမျိုးသမီးနဲ့ အမျိုး သမီးတွေဟာလည်းပဲ တချို့တွေကတော့ နိုင်ငံတိုင်းမှာ လည်းပဲ (Compulsory Education) မသင်မနေရ တချို့ နိုင်ငံတွေမှာ အလယ်တန်းအဆင့်အထိ (၈)တန်းပေါ့။ အဲဒီအဆင့် အထိ ကျွန်တော်တို့က မသင်မနေရပါ။ အဲဒီဟာ သင်ပြီးထွက်ပြီး သူတို့လုပ်ငန်းတွေမှာ သူတို့ ဝင်ကြပါတယ်။ သူတို့တွေလည်းပဲ လုပ်ငန်းဆောင်တာတွေ ဘယ်လိုရှိတယ် Job Opportunity တွေပေါ့။ လုပ်ငန်းရရှိရေးအတွက် ဒီ Employment Policy တွေချမှတ်ပြီးတော့ ဆောင်ရွက်

လျက်ရှိတယ်ဆိုတာကို လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီနိုင်ငံတော်က နေပြီးတော့ ဆင်းရဲမှု ပပျောက်ရေးလုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်နေ၍ အလုပ်အကိုင် ရရှိရေးသည် အရေးပါသောလုပ်ငန်း ဖြစ်ပါတယ်။ သို့ဖြစ်ပ ါ၍ ကျေးလက်နေပြည်သူများ၊ ပညာတတ်လူငယ် အလုပ်လက်မဲ့များ အလုပ်အကိုင်ရရှိရေးနှင့်ဆိုင်သော မူဝါဒ၊ မြို့ပြနေ အလုပ်လက်မဲ့များ အလုပ်အကိုင်ရရှိရေးနှင့်ဆိုင်သော မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးနေပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ကျွန်တော် ဒုတိယမေးခွန်းကို ဆက်လက်ပြီးတော့ မေးပါမယ်။ ဒုတိယမေးခွန်း ကတော့ အလုပ်သမားများ၏ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့်ဆိုင်သော ရည်မှန်းချက်များ ရရှိရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်း တဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့အခု ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတစ်ဝန်းလုံးမှာပါပဲ။ အလုပ်ရုံတွေ၊ စက်ရုံတွေ၊ သက်ဆိုင်ရာလုပ်ငန်းခွင်တွေမှာ အလုပ်သမား တွေရဲ့ အဲဒီ မကျေနပ်မှုများ၊ စိတ်မချမ်းသာမှုများ ဒီဟာတွေနဲ့ တွေ့ကြုံခံစားနေရ တယ်ဆိုတာ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ အဲ ဒီတော့ ILO ကလည်းချမှတ်ပေးထားတာ၊ ILO မှာ လည်းပဲ အ လုပ်သမားတွေရဲ့ ဒီအနေအထားပေ့ါလေ။ ဒီ သူတို့ရဲ့ စံချိန်စံညွှန်း လို့ ခေါ်မလား။ Lobour Standard အဲဒီဟာက သူ့ရဲ့ပတ်ဝန်းကျင်၊ သူ့ရဲ့(Environment)၊ သူ့ ရဲ့ ပတ်ဝန်းကျင်ကို ဘယ်လို ကျွန်တော်တို့က ဆောင် ရွက်ပေးမလဲ၊ ကောင်းမွန်တဲ့ စေတနာတွေနဲ့ မြင်သာထင်သာ ဖြစ်တဲ့ ဥပဒေတွေနဲ့ ဘယ်လိုဆောင်ရွက်ပေးထားသလဲဆိုတဲ့ဟာ အဓိကထားဆိုထားတာ ကျွန်တော့် အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ အခုလို စက်ရုံတွေ၊ အလုပ်ရုံတွေ၊ အဲဒီမှာရှိနေတဲ့ လုပ်သားတွေက အေးအေးချမ်းချမ်းသာသာ ယာယာဆိုတာ သူတို့ ကျန်းမာရေးကိစ္စတွေလည်း ပါပါတယ်။ လူမှုရေးကိစ္စတွေလည်း ပါပါတယ်။ စက်ရုံထဲမှာ ဆောင်ရွက်တဲ့အခါမှာ စက်ရုံရဲ့ ကျွန်တော်တို့ ဥပဒေတွေ ရှိပါတယ်။ ဥပဒေတွေက အခု ဥပဒေအသစ် မထွက်သေးလည်းပဲ ယခင်ဥပဒေတွေ ရှိပါတယ်။ စက်ရုံမှာ ဘယ်လို စက်ရုံ တစ်ခုရဲ့ အနေအထားတွေက ဘယ်လိုရှိရမယ်။ လုပ်သားတွေကို ဘယ်လိုဆက် ဆံရမယ်။ သူတို့ရဲ့ အန္တရာယ် တွေကို မရှိအောင် ဘယ်လို ကျွန်တော်တို့က ထိန်းချုပ်ရမလဲဆိုတာ စက်ရုံရဲ့ သက်ဆိုင်ရာ အလုပ်ရုံတွေရဲ့ ဥပဒေတွေရှိပါတယ်။ အဲဒီတော့ ဒီဥပဒေတွေနဲ့အညီ ကျွန်တော်တို့

သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရကနေပြီးတော့ ဆောင်ရွက်ထားခြင်း ရှိတယ်လို့လည်း ကျွန်တော် ယူဆပါတယ်။ သို့သော် ဒီဟာတွေကို မျက်မြင်မှာ တွေ့လာရတဲ့အတွက်ကြောင့် ဒီလို အေးချမ်းသာယာအောင် အလုပ်သမားတွေ လုပ်ဆောင်နိုင်ရန်အတွက် ဘယ်လိုများ ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပြီးတော့ ဖြေရှင်းပေးသလဲဆိုတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါ တယ်။

ကျွန်တော်တို့ ရန်ကု န်တိုင်း တောင်ဒဂုံမြို့ နယ်၊ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာ မြို့နယ်များမှာရှိတဲ့ စက်မှုဇုံ အထည်ချုပ်စက်ရုံများ ၊ အခြားစက်ရုံများ အလုပ်သမားများက မကျေနပ်မှုများကို ထုတ်ဖော်ပြသ လှုပ်ရှားမှုများကို တွေ့မြင်နေရပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ ပဲခူးတိုင်းမှာရှိ တဲ့ အထည်ချုပ်စက်ရုံ၊ ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်မှာ ဖြစ်ပွားတဲ့ ငါးဖမ်းလုပ်သားများရဲ့ မကျေနပ်မှုတွေ၊ တနင်္သာရီတိုင်းမှာ ရတနာကျွန်းမှာဖြစ်တဲ့ အလုပ်သမား များကို နိုင်ငံခြားသားများပိုင်တဲ့ ဟိုတယ်ပိုင်ရှင်နဲ့ အချင်းများတဲ့ ကိစ္စတွေ ဒါဟာ လုပ်ငန်းခွင် အေးချမ်းသာယာရေးကို ပျက်စီးစေတဲ့ဖြစ်ရပ်များ ဖြစ်ပါတယ်။ ဤကဲ့သို့ဖြစ်ရပ်ပေါင်း ၂၀၁၁ ခုနှစ် မှာဖြစ်ခဲ့ပြီးတော့ မည်ကဲ့သို့ ကိုင်တွ ယ်ဖြေရှင်းပေးခဲ့တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ဒါကို လည်းပဲ သိရှိလိုပါတယ်။ ထိုသို့ ဖြစ်စဉ်များ လျော့နည်းသွား စေရန်လည်းပဲ ဘယ်လိုဆောင်ရွက် ထားသလဲဆိုတာကိုလည်းပဲ သိရှိလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ အခြားနိုင်ငံတွေမှာ ကြည့်ရင် ကျွန်တော် လေ့လာသိရှိရသလောက် ကျွန်တော် တွေ့မြင်ရသလောက် ဒီဇင်ဘာလ အမြဲတမ်း နှစ်တစ်နှစ်ရဲ့ ဒီဇင်ဘာလနား ရောက်ပြီ ဆိုလို့ရှိရင် အဲဒီနိုင်ငံတွေမှာ ရှိနေတဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေမှာ သူတို့တွေမှာ ကျွန်တော်တို့ဆီမှာလည်းရှိပါတယ်။ Labour Organization တွေ အလုပ်သမား အဖွဲ့အစည်းတွေ၊ အလုပ်သမားအ ဖွဲ့အစည်းတွေက သက်ဆိုင်ရာ စက်ရုံ ၊ အလုပ်ရုံတွေရဲ့ မကျေနပ်မှုတွေ တစ်နည်းအားဖြင့် လခနဲ့ စပ်ဆိုင်တဲ့ ကိစ္စရပ်တွေကို သူတို့ဆွေးနွေး တောင်းဆိုကြပါတယ်။ ဒါနိုင်ငံတိုင်းမှာ ကျွန်တော်တို့ တွေ့မြင်ရပါတယ်။ အဲဒီအခါကြလို့ရှိရင် ကျွန်တော်တို့ဆီမှာလည်းပဲ အခု ဒီအလုပ်သမားရယ် ၊ အလုပ်ရှင်ရယ်၊ နောက်ပြီးတော့ ၊ အလုပ်သမားအဖွဲ့အစည်းတွေရယ်၊ Tripartite ပေါ့။ သုံးဦးသုံးဖလှယ် ဆွေးနွေးပြီးတော့ ဒီဟာကို ဖြေရှင်းသွားလေ့ ရှိပါတယ်။ အဲဒီလို ဖြေရှင်းတဲ့အခါမှာ ဒီစက်ရုံတစ်ရုံကဖြ စ်ရင် အဲဒီစက်ရုံတစ်ရုံမှာပဲ ကျွန်တော်တို့ရှင်း။ နောက် စက်ရုံတစ်ရုံမှာ ဖြစ်ရင် ရှင်း။ အဲဒီသဘောမျိုး

မဟုတ်ဘဲနဲ့ တစ် ပြေးညီ တစ်ခုတည်းကို အကောင်းဆုံး ဖြစ်အောင်လို့ ဖြေရှင်းသွားတဲ့ သဘောတွေတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမှာပါတဲ့ အလုပ်သမားများရဲ့ လုပ်ငန်းခွင် အေးချမ်းသာယာရေးနဲ့ဆိုင်တဲ့ ရည်မှန်းချက်များကို ပြည်ထောင်စုတာဝန်ရှိ ပြည်ထောင်စုဌာနကနေပြီးတော့ မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်ထားမယ်၊ ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလို၍ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဒုတိယဥက္ကဋ္ဌ** ။ ။မေးခွန်း များ နဲ့ ပတ်သက်ပြီး အ လုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးတဲ့ ပထမမေးခွန်းဖြစ်တဲ့ Employment Policy နဲ့ ပတ်သက်တဲ့ကိစ္စဟာ အလွန်ကောင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျွန်တော်တို့ဝန်ကြီး ဌာနအနေနဲ့လည်းပဲ ပြည်သူလူထုတစ်ရပ်လုံးကို သိရှိရအောင် ရှင်းပြဖို့ အခွင့်အရေးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာမြင့်ကြည် ကို ကျွန်တော့်အနေနဲ့ အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ရှင်းလင်းမှုနဲ့ တိကျမှု ရှိစေဖို့အတွက် တချို့ လုပ်ငန်းဝေါဟာရများကို အင်္ဂလိပ်ဘာသာနဲ့ တင်ပြခွင့်ပြုပါ ခင်ဗျား။ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ အလုပ်အကိုင်မူဝါဒ (Employment Policy ) ရှိထားပြီး ဖြစ်ပါတယ်။ ဒီ အလုပ်အကိုင်မူဝါဒနှင့်အညီ ကျွန်တော်တို့ဟာ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းလည်းပဲ အခုအစည်းအဝေးမှာပဲ ကျွန်တော် သက်သေပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ Employment Policy အကြောင်းကို မပြောခင် ကျွန်တော်တို့ မြ န်မာနိုင်ငံဟာ ILO အဖွဲ့အစည်းဝင်နိုင်ငံတစ်ခု ဖြစ်တဲ့အတွက် ILO ရဲ့ Convention 122 Employment Policy

Convention 1964 နဲ့ပတ်သက်ပြီးတော့ အကျဉ်းချုပ်ကလေး တင်ပြလိုပါတယ်။ အဲဒီမှာ ဆိုလို့ရှိရင် နံပါတ် ၁ က အလုပ်လို အပ်တဲ့ သူတွေအတွက် အလုပ်ရရှိရန်၊ အလုပ်သည် ထုတ်လုပ်မှု ဖြစ်နိုင်သမျှရှိစေရန်၊ လွတ်လပ်စွာ အလုပ်ကို ရွေးချယ်ခွင့်ရှိရန်ဆိုပြီးတော့ အချက် ၃ ချက်ပဲ ပါရှိတာ ဖြစ်ပါတယ်။ ဒီမူဝါဒကို နိုင်ငံတော်ရဲ့ အခြေအနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့်အလိုက် သင့်လျော်သော နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လို့ပဲ ပါရှိတာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ မူဝါဒဆိုတာဟာ Concept တွေ၊ Principle တွေကနေ တဖြည်းဖြည်း ဖြစ်ထွန်းလာတာ ဖြစ်ပါတယ်။ ဒီနေ့ ဒီမူဝါဒဟာ မနက်ဖြန်လည်း ဒီမူဝါဒပဲလို့ ယူဆရင် မှားပါလိမ့်မယ်။ ဒါကြောင့်မို့လို့ Concept တွေရဲ့ Development ပေါ်မှာ မူတည်ပြီးတော့ မူဝါဒတွေဟာ အချိန်အခါအားလျော်စွာ တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာတတ်တဲ့ သဘာဝရှိပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၄၈ နှစ်က မူဝါဒနဲ့ ကွဲပြားခြားနားပြီးတော့မှ ယခု ၂၁ ရာစုကာလထဲ ရောက်လာတဲ့နောက်ပိုင်းမှာ အလုပ်အကိုင် မူဝါဒတွေနဲ့ ပတ်သက်ပြီးတော့မှ ပိုမိုကျယ်ပြန့်စွာ စဉ်းစားရမယ့်လုပ်ငန်းစဉ် ဖြစ်နေပါပြီ။ နိုင်ငံတော်သမ္မတကြီးကလည်းပဲ ဒီလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့မှ ပန်းတိုင် (၇)ရပ် ပါတဲ့ အလုပ်အကိုင်မူဝါဒ Employment Policy ကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် သဘောထားမှတ်ချက် ပြုထားပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေများ ရေးဆွဲပြီး ပန်းတိုင်များကို အဆိုပါပန်းတိုင်များကို အမြန်ရောက်ရှိရေးအတွက် ဆောင်ရွက်နေပါကြောင်း တင်ပြလိုပါတယ်။ ဒီပန်းတိုင်များကတော့ သင့်တော်ကောင်းမွန်သော အလုပ်အကိုင် အခြေအနေဖြင့် ထုတ်လုပ်မှု တိုးတက်စေရေး (Decent Work as a Productive Factor ) ဖြစ်ပါတယ်။ အလုပ်အကိုင်တွေဟာ သင့်တော်ကောင်းမွန်တယ်ဆိုတာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီးတော့ ဘေးအန္တရာယ်တွေ ကင်းကွာပြီးတော့မှ ဂုဏ်သိက္ခာတွေရှိပြီးတော့မှ အနာဂတ်အတွက်လည်း ဘာမှ စိုးရိမ်ကြောင့်ကြမှု မရှိဘဲနဲ့ လုပ်နိုင်တဲ့အခြေအနေမျိုးကို ဒါ ကျွန်တော်တို့ Decent Work လို့ခေါ်ခြင်း ဖြစ်ပါတယ်။ ဒီလို Decent Work လိုမျိုး အခြေအနေမျိုး လုပ်တဲ့အခါမှာလည်းပဲ တိုင်းပြည်ရဲ့ ကုန်ထုတ်စွမ်းအားမှုဘက်ကိုလည်း တစ်ဖက်ကနေပြီးတော့ Decent Work လည်း ဖြစ်အောင်လုပ်၊ တစ်ဖက်က ကုန်ထုတ်စွမ်းမှုကိုလ ည်း တိုးတက်ဆိုတဲ့ မူဝါဒ ဖြစ်ပါတယ်။ ဒီ Decent Work ဟာ လက်ရှိအခြေအနေမှာ ရောက်ပြီလားလို့ မေးရင်

အဝေးကြီး ကျန်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီဥစ္စာ Dr.MARTIN LUTHER KING ပြောသလိုဆိုရင်တော့ I have a dream ပေါ့လေ။ ကျွန်တော်တို့ အစိုးရအဖွဲ့မှာ လည်း ဒီလို အိပ်မက်ကလေး တစ်ခု ရှိပါတယ်။ ဒီ အိပ်မက်ဟာ မဖြစ်နိုင်တဲ့ အိပ်မက်မဟုတ်ပါဘူး။ ကျိန်းသေ ဖြစ်ရမယ့် အိပ်မက်ပါ၊ ဖြစ်အောင်လုပ်သွားမယ့် အိပ်မက် ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် တိတိလင်းလင်း ပြောပြလိုပါတယ်။

ဒါကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့ဟာ အခုအချိန်မှာ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့မှ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေနှစ်ရပ်ကို ကြည့်မယ် ဆိုရင် ပထမဥပဒေ Labour Organization Law ဟာ Social Justice ကို ဦးတည်သွားတာ သူ့ရဲ့ပန်းတိုင်က လူမှုရေးတရားမျှတမှု ဖြစ်လာရအောင် ကျွန်တော်တို့ ဒါ လုပ် တဲ့ ဥပဒေ ပါ၊ ပြီးတော့ ဒုတိယဥပဒေဖြစ်တဲ့ ကျွန်တော်တို့ Trade Disputes Settlement Law ဟာလည်းပဲ Industrial Relation မှာ အချင်းချင်းဆက်ဆံမှုသော်လည်းကောင်း၊ အလုပ်ရှင်က အလုပ်သမားဆက်ဆံမှုသော်လည်းကောင်း ပိုမိုကောင်းမွန် တဲ့ အနေအထား ရောက်အောင် ပန်းတိုင်ထားပြီးတော့ လုပ်တဲ့ ဥပဒေတွေ ဖြစ်ပါတယ်။ ဒီ ဥပဒေတွေကို သေသေချာချာ လူကြီးမင်းတို့ လွှတ်တော်ကိုယ်စားလှယ်ကြီး များ ကိုယ်တိုင်လည်းပဲ စဉ်းစားတွေးခေါ်ပြီးတော့မှ အတည်ပြုပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒီ ဥပဒေတွေရဲ့ပန်းတိုင်တွေ၊ ဥပဒေတွေရဲ့ ရည်ရွယ်ချက်တွေ၊ ဒီဥပဒေတွေရဲ့ နိဒါန်းတွေမှာ ဒီအချက် တွေ အကုန်အပြည့်အစုံ ပါရှိပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ အခုဆိုလို့ရှိရင် Occupational Safety and Health Law ကို ရေးဆွဲနေပြီ ဖြစ်ပါတယ်။ ဒါကလည်းပဲ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ ရေးဆွဲတာ ဖြစ်ပါတယ် ။ ဒီဥစ္စာလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ညီပြီးတော့မှ ကျွန်တော်တို့ အလုပ်သမားတွေကို လုပ်ငန်းခွင်မှာ ကျန်းမာရေး ၊ စောင့်ရှောက်ရေး၊ လုံခြုံရေး၊ ဒီကိစ္စတွေအတွက်ကို အသေးစိတ် ပိုးမွှားတွေကအစ၊ ဖုံတွေ၊ သဲတွေ၊ ခဲတွေကအစ၊ အနံ့ကအစ၊ အသံကအစ၊ အလင်းရောင်ကအစ ဘယ်လို Production ပေးမယ်ဆိုတာမျိုးကို ကျွန်တော်တို့ က ရေးဆွဲနေကြပြီ ဖြစ်ပါတယ်။ အဲဒီ တော့ ကျွန်တော်တို့ အနာဂတ်သွားမယ့် ဒီပန်းတိုင်ဟာ အန္တိမပန်းတိုင် ဖြစ်ပါတယ်။ ဒီဟာ ကျွန်တော်တို့ရဲ့ အလုပ်သမားရေးရာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ အမြင့်ဆုံးထားတဲ့ ပန်းတိုင် ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို ရောက်အောင် ချီတက်တဲ့အခါမှာ ဥပဒေတစ်ခုတည်းနဲ့လည်း

မရဘူး၊ နှစ်ခုတည်းနဲ့လည်း မရဘူး၊ သုံးခုတည်းနဲ့လည်း မရဘူး။ အားလုံးက ဝိုင်းပြီးတော့ ဥပဒေပေါင်းစုံ လူထုလူတန်းစားအဖွဲ့အစည်းအားလုံးဟာ ဝိုင်းဝန်းပြီးတော့မှ ဆောင်ရွက်ရမယ့် အနေအထား ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ဒုတိယပန်းတိုင် ဆက်လက် တင်ပြပါမယ်။ ဒုတိယပန်းတိုင်ကတော့ အလုပ်အကိုင် တိုးပွားရေးကို အားပေးတဲ့ မက်ခရိုစီးပွားရေး မူဘောင်ချမှတ်ခြင်း ဖြစ်ပါတယ်။Pro-employment macroeonomic Framework ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Pro-employment macroeonomic နဲ့ပတ်သက်လာရင် CMP ဟာ အဓိက ကျတာ ဖြစ်ပါတယ်။ CMP လုပ်ငန်း တွေဟာ အလုပ်သမားအများစု ပါဝင်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက CMP လုပ်ငန်း ကြီးကြပ်ရေးကော်မတီကို အလုပ်သမား ဝန်ကြီးကို တာဝန်ပေးတာကိုက Pro-employment macroeonomic Framework အရ တာဝန်ပေးတာ ဖြစ်ပါတယ်။ CMP လုပ်ငန်းတွေ အကြပ်အတည်းဖြစ်နေစဉ်ကာလမှာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ အလုပ်သမားတွေရဲ့ အလုပ်အကိုင် မဆုံးရှုံးစေဖို့အတွက် ဒီလုပ်ငန်းတွေကို ရှင်သန်လာရ အောင် ဆိုပြီးတော့မှ ဒီ CMP လုပ်ငန်းတွေကို လွယ်ကူသက်သာစေတဲ့ အခွင့်အရေးမျိုးတွေ ဖန်တီး ပေးခဲ့တာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး သိရှိပြီးသား ဖြစ်ပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ရဲ့ Pro-employment macroeonomic Policy ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အခုအချိန်မှာ အားလုံး သိကြပါတယ်။ နယ်စပ်ဒေသတွေပါ မကျန် စက် မှုဇုန်တွေ ဖြစ်လာ ရအောင် အဲဒီလိုစက်မှုဇုန်တွေ ဖြစ်လာတဲ့ အခါမှာ လည်းပဲ Labour Intensive Industry တွေ လုပ်သားအင်အား အများစုနဲ့ ပါဝင် ဖွဲ့စည်းထားတဲ့ စက်ရုံ၊ အလုပ်ရုံတွေ နယ်စပ်ဒေသပါ မကျန်အောင် စီမံကိန်းတွေ ချပြီးတော့ ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ဒါ လက်တွေ့ သာဓကပါ။ ဘယ်လိုမှ ကျွန်တော်တို့ ဖုံးကွယ်ထားစရာ အကြောင်းမရှိပါဘူး။ အားလုံး မြင်နိုင်၊ သိနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ အလားတူပဲ မည်သည့် Investment တွေလာလာ၊ ကျွန်တော်တို့က အမြဲတမ်းတောင်းဆို တာကတော့ High Technology ကို ကျွန်တော်တို့ မတောင်းဆိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွ န်တော်တို့ Labour တွေမှာ လုံလောက်တဲ့ Technology မရှိသေးဘူး။ ဒါကြောင့်မို့လို့ Labour Intensive ကို ကျွန်တော်တို့ တောင်းဆိုပါတယ်။ ဒါတွေ အားလုံးဟာ macroeonomic Policy အရ Pro-employment ကို ဦးတည်တယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။

နောက်တစ်ချက်ကတော့ စွန့်စားတီထွင်သော စီးပွားရေး စွမ်းဆောင်မှုနဲ့ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းဆို တဲ့ ပန်းတိုင် ဖြစ်ပါတယ်။ Entrepreneur နဲ့ investment ပါပဲ၊ အဲဒီတော့ Entrepreneur နဲ့ investment ကို ကျွန်တော်တို့ အခုမှ အားပေးနေတာ မဟုတ်ပါဘူး။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာကိုက ပုဒ်မ ၃၇၁ နဲ့ ၃၇၂ မှာ တွေ့တယ်။ ကြည့်လိုက်ရင် တွေ့ရမှာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ငန်းမျိုးတွေကို ကျွန်တော်တို့ အားပေးမယ် ဆိုတာ ပါ ပါတယ်။ နောက် Investment Law ဟာလည်း ရေးဆွဲနေပြီ ဖြစ်ပါတယ်၊ ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒါတွေဟာလည်းပဲ စွန့်စားတီထွင်သော စီး ပွားရေးစွမ်းဆောင်မှုနဲ့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးခြင်းဆိုတဲ့ နေရာမှာ အဓိကကျတဲ့ evidence တွေဖြစ်ပါ တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဆက်လက်ပြီး ကျွန်တော် တင်ပြလိုတာကတော့ စတုတ္ထပန်းတိုင် ဖြစ်ပါတယ်။ အဲဒါကတော့ ထုတ်လုပ်နိုင်စွမ်း တိုးတက်ရေး နဲ့ လုပ်သားများရဲ့ အခွင့်အလမ်းမြှင့်တင်ရေး ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်သားတွေရဲ့အခွင့်အရေးကို စဉ်းစားတဲ့အခါတိုင်းမှာ အမြဲတမ်း Productivity ကို မစဉ်းစားလို့ မရပါဘူး။ Productivity ကို တိုးတက်အောင် ဘယ်လိုလုပ်မလဲ၊ Productivity တိုးတက်တာနဲ့အမျှ အလုပ်သမားတွေအတွ က် Opportunities ဘယ်လို ရလာမလဲ၊ အဲဒီ Opportunities ရလာတာနဲ့အမျှ Productivity ဘယ်လို တိုးတက်အောင် လုပ်မလဲ၊ ဒီဥစ္စာ အပြန်အလှန် သွားရပါတယ်။ အလုပ်ရှင်အတွက်ကော၊ အလုပ်သမား အတွက်ကော အကျိုးကျေးဇူးရှိရမယ့် လမ်းစဉ်မျိုး ဖြစ်ရပါမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြထားပြီးတော့မှ အမျိုးသားလွှတ်တော်မှာ စတင် ဆွေးနွေး သွားမယ့် Employment နဲ့ Scale Development Law မှာ ဒီအချက်ကို ကျွန်တော်တို့ အတိအကျ ဖော်ပြထားပါတယ်။ လုပ်သားတွေရဲ့ ကျွမ်းကျင်မှုက မြှင့်တင်ရမယ်။ ဒီ မြှင့်တင်ဖို့ အတွက် လုပ်ငန်းရှ င်တွေက တာဝန်ပေးရမယ်၊ စိုက်ထုတ် မတည် ပေးရမယ်၊ အားပေးရမယ် ၊ ပြီးရင် လုပ်သားတွေကနေ ထုတ်လုပ်မှု တိုးတက်အောင် ကျွမ်းကျင်မှုတွေနဲ့ လုပ်ရမယ် ၊ လုပ်ပြီးလို့ရှိရင် လုပ်ငန်းရှင်တွေက သူရဲ့ ထိုက်တန်တဲ့ ရာထူးအဆင့်အတန်းအလိုက် လစာ နှုန်းထားတွေ၊ အဆင့်အတန်းတွေ တိုးမြှင့်ပေးရမယ်ဆိုတဲ့ အနေအထားပါ။ ဒါ Productivity နဲ့ Opportunities ဒီလို Balance ဖြစ်အောင် ကျွန်တော်တို့ လုပ်တဲ့ ဥပဒေပါ။ ဒါကိုလည်း ဆက်လက်ပြီးတော့ လေ့လာပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ နောက်တစ်ခု

ကတော့ အလုပ်အ ကိုင်ဈေးကွက်အတွင်းမှာ ခွဲခြားဆက်ဆံမှုမရှိရေး ဆိုတဲ့ အချက်ကိုလည်း ထည့်ထားပါတယ်။ ဒါကတော့ International Practice အရလည်း ထည့်တာ ဖြစ်တယ်။ တစ်ဖက်ထဲမှာ ကျွန်တော်တို့ရဲ့ Constitution မှာလည်း ပါပါတယ်။ ကျွန်တော်တို့ Constitution ပုဒ်မ ၃၄၉ နဲ့ ၃၅၀ မှာ ဒီလိုခွဲခြားဆက်ဆံ မှု မပြုရဘူးဆိုတာ အတိအကျဖော်ပြတဲ့အတွက် ကျွန်တော် အချိန်ရှည်မှာစိုးတဲ့အတွက် မပြောတော့ပါဘူး။

နောက် ပဥ္စမအချက်ကတော့ ပတ်ဝန်းကျင်ရေးရာနဲ့လူမှုရေးရာ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေခြင်းဆိုတဲ့ အပိုင်းပါပဲ။ Enviromently နဲ့ Socialy Sustainable growth ဒါကို ကျွန် တော်တို့ ရအောင်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လူမှုဖူလုံရေး ဥပဒေဆိုတာ အလုပ်သမားတွေရဲ့ ဘဝအနာဂတ် အာမခံချက် စိတ်ချယုံကြည်စေဖို့အတွက် ကျွန်တော်တို့ အလွန်ကို နဂိုဥပဒေအဟောင်းနဲ့ ထူးခြားစွာ ပြောင်းလဲပြီး တော့မှ ရေးဆွဲထားတဲ့ နိုင်ငံတကာအဆင့်မီ ဥပဒေတစ်ရပ် ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဥပဒေဟာ Socialy Production ကျွန်တော်တို့ ကောင်းကောင်း ပေးထားပါတယ်။ Social Security ကို လုံးဝ အာမခံထား ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မကြာသေးခင်ကဆိုလို့ရှိရင် Social Production Conference တွေလုပ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ရော ကျန်တဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း တွေနဲ့ ပူးပေါင်းပြီးတော့ လုပ်ပါတယ်။ ဒါတွေရဲ့ ရည်ရွယ်ချ က်က နောက်ထပ် ဘာတွေများ လုပ်စရာကျန်ဦးမလဲ ဒါတွေကို ကျွန်တော်တို့ လုပ်ပေးချင်လွန်းလို့ ဒီအတွက်ကို ကျွန်တော်တို့ လုပ်တာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် တက် ရောက်ပြီးတော့မှ ဩဝါဒစကား ပြောကြားသွားတာကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကြား သိပြီးဖြစ်ပါ လိမ့်မယ်။

နောက် သတ္တမအချက်ကတော့ ကောင်းစွာ အလုပ်လုပ်ကိုင်ခြင်းနဲ့ အလုပ် အမျိုးအစား ပြောင်းလဲလုပ်ကိုင်ခြင်းဆိုတဲ့ ပန်းတိုင် ဖြစ်ပါတယ်။ Employablity and adaptablity အလုပ်အကိုင်တွေ လုပ်ကြတဲ့အခါမှာ နည်းပညာပြောင်းလဲမှုတွေဟာ ဒီနေ့ နဲ့ မနက်ဖြန် မတူတော့ပါဘူး။ အမြဲတမ်း ပြောင်းလဲနေပါတယ်။ ဒါကို ကျွန်တော်တို့က နားလည်ရမှာ အလုပ်တစ်မျိုးတည်း တစ်ကြိမ်တည်းမှာ တစ်ခုတည်း ကျွမ်းကျင်ရုံနဲ့ မရဘူး။ အခုအချိန်မှာ သူဟာ ဒီအလုပ် ကို ကျွမ်းကျင်ပေမယ့် အကြောင်းကြောင်းကြောင့်မို့လို့

ယှဉ်ပြိုင်မှုတွေ များလာတဲ့အခါ မှာ ဒီလုပ်ငန်းအမျိုးအစား ပြောင်းသွားမှာ၊ ပြောင်းသွားတဲ့ အခါမှာ မူလလုပ်နေတဲ့ အလုပ်သမားတွေ ပြုတ်သွားလို့ ဖြစ်မလား။ မဖြစ်ဘူး။ မ ဖြစ်ရင် ဘာလုပ်ရမလဲ သူ့အလုပ်သမား တွေကို အသစ်ပြောင်း လဲလာတဲ့ နည်းပညာနဲ့အညီ လိုက်လျောညီထွေ သင်ပေးရမယ်။ ဒီလို သင်ပေးဖို့အတွက် ဘယ်သူတွေ တာဝန်ရှိသလဲ၊ အလုပ်ရှင်လည်း တာဝန်ရှိတယ်၊ အစိုးရကလည်း တာဝန်ရှိတယ်။ အားလုံး လူထုလူတန်းစား အဖွဲ့အစည်းတွေ အကုန်လုံး တာဝန်ရှိတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ စဉ်းစားနေတာ ဖြစ်ပါတယ်။ ဒါကြော င့်မို့လို့ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ မူကြမ်းရေး ဆွဲ တင်ပြပြီးတော့မှ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေနှစ်ရပ်၊ ရေးဆွဲနေဆဲဖြစ်တဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း ဒါတွေဟာ အလုပ်အကိုင် ဆိုင်ရာ မူဝါဒများနှင့်အညီ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ ဒီမူဝါဒဟာ မြန်မာနိုင်ငံအလုပ်သမားထု တစ်ရပ်လုံးကို ပိုမိုကောင်းမွန်သော လူနေမှုဘဝဆီကို ပို့ဆောင်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ အလေးအနက် ယုံကြည်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့်တကွ ပြည်သူလူထု တစ်ရပ်လုံး လူထုလူတန်းစားအဖွဲ့ အစည်းအားလုံးဟာ အခက်အခဲပေါင်းမြောက်မြားစွာကို ဖြတ်ကျော်ပြီးတော့ မွန်မြတ်သော ဒီပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ ကျွန်တော်တို့ရဲ့ အားထုတ်မှု တွေကို ကောင်းမွန်သော သဘောထား ရပ်တည်ချက်နဲ့ ဝိုင်းဝန်းအကူအညီ ပေးကြပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက် ဖြေကြားပါမယ်။ ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ အလုပ်သမားများရဲ့ လုပ်ငန်းခွင်အေးချမ်းသာယာရေးနဲ့ သက်ဆိုင်တဲ့ ရည်မှန်းချက် များရရှိအောင် ဘယ်လိုလုပ်သလဲ၊ ဘယ်လိုလုပ်နေသလဲဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြ န်ကြားရမယ်ဆိုရင်တော့ မူလဥပဒေထဲမှာပါတဲ့အတိုင်း အလုပ်သမား အချင်းချင်းအကြား၊ အလုပ်ရှင်နဲ့အလုပ်သမားအကြား ဆက်ဆံရေး ပိုမို ကောင်းမွန်ရန် လုပ်ငန်းခွင်မပျက် ဥပဒေအရ တည်ငြိမ်အေးချမ်းစွာ ဖြေရှင်းနိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလုပ်သမားအဖွဲ့အစည်းဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ဒါတွေကို ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေတွေကို ကျွန်တော်တို့က အချိန်မီ ရေးဆွဲနိုင် ခဲ့လို့လည်းပဲ ဒီပြဿနာတွေဟာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ အရုပ်မဆိုးဘဲနဲ့ ကျွန်တော်တို့က ချောချောမွေ့မွေ့ ကောင်းကောင်းမွန်မွန် ပြေပြေလည်လည်ဖြစ်အောင် ကျွန်တော်တို့

ဖြေရှင်းနိုင်တာ ဖြစ်ပါတယ်။ ဒီအတွက်လ ည်းပဲ ကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်နှင့်တကွ ကျွန်တော်တို့ လွှတ်တော်နှစ်ရပ်စလုံးကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒါက ဒီဥပဒေတွေကို ကျွန်တော်တို့ အချိန်မီ ပြဋ္ဌာန်းပေးတဲ့အတွက်သာ ဒီအလုပ်သမားရေးရာ အငြ င်းပွားမှုပြဿနာ တွေကို ဖြေရှင်းတဲ့အခါမှာ အများကြီး လွယ်ကူရတာ ဖြစ်ပါတယ်။ နောက် ဒီအပြင် အားလုံး သိကြတဲ့အတိုင်းပဲ ပြည့်စုံကောင်းမွန်တဲ့ လူမှုရေးအကာအကွယ်တွေ ရရှိစေဖို့ အတွက် လူမှု ဖူလုံရေးဥပဒေ၊ ဒါကိုလည်းပဲ ကျွန်တော်တို့ တင်ထားပြီး ဖြစ်ပါတယ်။ သင့်တင့် လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်လောက်တဲ့ အခကြေးငွေ ရရှိစေရေးအတွက် အနည်းဆုံး အခကြေးငွေ ဥပဒေ၊ ဒါကိုလည်းပဲ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ အသိပညာ၊ အတတ်ပညာနဲ့ အရည်အချင်းကျွမ်းကျင်မှုတွေ မြင့်မားလာ ပြီးတော့မှ အလုပ်အကိုင်နဲ့ကျွမ်း ကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ဆိုတာကိုလည်းပဲ ဒါ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဆွေးနွေးသွားဖို့ ရှိမှာ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ ကျွန်တော်တို့ ဒီအလုပ်သမားရေးရာနဲ့ပတ်သက်တဲ့ ပြဿနာတွေကို ဖြေရှင်းနေတဲ့ နည်းလမ်း တွေပါပဲလို့ ပြောကြားလိုပါတယ်။

အဲဒီတော့ ခုန မေးသွားတဲ့အထဲမှာ ၂၀၁၁ ခုနှစ်အထဲမှာ ဘယ်လောက် ဖြစ်ခဲ့သလဲ၊ ဘယ်လိုဖြေရှင်းပေးခဲ့သလဲ ဆိုတာနဲ့ပတ်သက်လို့တော့ အသေးစိတ် ကျွန်တော့် ရဲ့ website ထဲမှာ ရှိပါတယ်။ အလုပ်သမားဝန်ကြီးဌာနရဲ့ website mol.gov.mm.com မှာ အမြဲတမ်း ရှာလို့ ရပါတယ်ခင်ဗျား။ အခုပြောတာတွေ အားလုံးက လည်း အဲဒီအထဲမှာ ပါပြီးသား ဖြစ်ပါ တယ်။ ဒါပေမဲ့ ကျွန်တော် ထပ်ပြီး ပြောရတာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ အဲဒီတော့ ၂၀၁၁ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အမှုပေါင်းဟာ ၅၈၁ မှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီမှာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဝန်ထမ်းတွေ ပူးပေါင်းပြီးတော့မှ အမှု အားလုံးကိုလည်း ငြိမ်းချမ်းစွာ၊ ပြေလည်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ အဲဒီမှာပါဝင်ပတ်သက်တဲ့ အလုပ်သမားဦးရေ ကတော့ ၈၃၃၉ ဦး ဖြစ်ပါတယ်။ သူတို့အတွက် အကျိုးကျေးဇူးအနေနဲ့ သိန်းပေါင်း ၆၀၈၈, ၈၁၈၆၁ ကျပ်၊ FEC ၃၇၅၉၊ US$ ၂၃၇၇ ကိုလည်းပဲ ရရှိစေခဲ့ပါတယ်။ ဒီ၂၀၁၂ ခုနှစ် မေလ ၁ ရက် နေ့ကစပြီးတော့ ဇွန်လ ၁၀ ရက်နေ့အထိ ဖြစ်ပွားခဲ့တဲ့ စက်ရုံ၊ အငြင်းပွားခဲ့တဲ့စက်ရုံ အားလုံးပေါင်း ၉၀ ရှိပါတယ်။ ဒါကိုလည်းပဲ Website မှာ ဖော်ပြထားပါတယ်။ အဲဒီမှာ အလုပ်သမားဦးရေ ပါဝင်တာကတော့ ၅၃၃၉၃ ဦး ရှိပါတယ်။ ဒါပေမဲ့ ဝမ်းသာစရာက ဒီ

အငြင်းပွားမှုတွေ အားလုံးဟာ နော က်ဆုံးမှာ ပြေလည်အေးငြိမ်းသွားပြီးတဲ့နောက် နှစ်ဦးနှစ်ဖက် သဘောတူညီတဲ့ စာချုပ်တွေလည်း ကျေကျေနပ်နပ်ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အလုပ်သမားပြဿနာ တွေကို ဖြေရှင်းတဲ့ နေရာမှာ ယခင်တုန်းကတော့ အစိုးရနဲ့ အလုပ်ရှင်၊ အလုပ်သမားရယ် သုံးဦးပဲ ကျွန်တော်တို့ ဖြေရှင်းလေ့ ဖြေရှင်းထ ရှိခဲ့ပါတယ်။ ယခင်နှစ်တွေပေ့ါ။ မြော က်မြားစွာပေ့ါလေ။ အခုဆိုလို့ရှိရင်တော့ ကျွန်တော်တို့ Good Governance မှာ Main Actor ၃ ယောက် ရှိပါတယ်။ ဇာတ်ကောင်ရေ ၃ ယောက်၊ ဒီ ဇာတ်ကောင် ၃ ယောက်က၊ နံပါတ် ၁ က State၊ ဒုတိယက Private Sector၊ Private Sector မှာ အလုပ်ရှင်ရော အလုပ် သမားရော ပါတယ်။ တတိယက Civil Society ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Civil Society တွေရဲ့ ဝင်ရောက်မှုကို ကျွန်တော်တို့ လက်ခံပါတယ်။

ဒါကြောင့် ကျွန်တော်တို့ Good Governance ရဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်ရဲ့ ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ Civil Society လူမှုအဖွဲ့အစည်းတွေထဲက ပါဝင်ကူညီ ဖြေရှင်းပေးခဲ့ပါတယ်လို့ ဒါ လည်းပဲ ကျွန်တော် အသိပေး တင်ပြလို ပါတယ်။ လုပ်ငန်းခွင် ဆက်ဆံရေးနယ် ပယ်မှာ အလုပ်ရှင်နှင့်အလုပ်သမားကြား သဘောထားကွဲ လွဲမှုရှိခြင်း၊ အငြင်းပွားမှုရှိခြင်းဟာ သဘာဝဖြစ်ပါတယ်။ လူတိုင်းမှာ သဘောထား အမြင် ကွဲပြားခြားနားနိုင် တာကို ကျွန်တော်တို့ လက်ခံနိုင်စွမ်းရှိရပါမယ်။ သဘောထား ကွဲပြားခြားနားမှု မရှိအောင် ကျွန်တော်တို့ မလုပ်နိုင်ပါဘူး။ သို့သော် အချင်းချင်းဆက်ဆံရေး ကောင်းမွန်ပြီးတော့မှ လုပ်ငန်းခွင် အေးချမ်းသာယာသာစေဖို့ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုတွေကို တရားမျှတစွာ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်နှင့် ထိုကဲ့သို့ အငြင်းပွားမှုဖြစ်ရပ်များ လျော့နည်းသွား စေဖို့တော့ ကျွန်တော်တို့ အတတ်နိုင်ဆုံးကြိုးစားပြီးဆောင်ရွက်ပါတယ်။ အကျဉ်းချုံးပြီးတင်ပြရမယ်ဆိုရင်တော့ နံပါတ်(၁)က (Employment Contract)၊ ဒါ အခု Employment Law မှာ ပါလာပါပြီ။ Employment Contract က မချုပ်မနေရ ချုပ်ရမှာ ဖြစ်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ကြားမှာ တစ်နှစ်လုပ်မယ်၊ ဘယ်လိုစည်းမျဉ်း၊ စည်းကမ်းနဲ့လုပ်မယ်၊ ဘယ်အချက်တွေ ပါရမလဲဆိုတာ အကုန်ပါ ပါတယ်။ အဲဒီအတိုင်း ဆောင်ရွက်သွားဖို့ပါပဲ။ နှစ်နှစ်ချုပ်မယ် ဆိုရင်လည်းချုပ်၊ သုံးနှစ် ချုပ် မယ်ဆိုလည်း ချုပ်၊ အစရှိသဖြင့်ပါ။ ဒါက Employment Contract ကို ဘယ်လိုချုပ် ဆိုတဲ့နည်းနဲ့ ချုပ်ဆိုလိုက်မယ်ဆိုရင် နောင်အငြင်းပွားမှုဟာ လျော့ပါး သွားမှာ သေချာပါတယ်။ နောက်တစ်ခု ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ ဒီ Industrial

Relation အတွက် ကျွန်တော်တို့ အခု Labour Organization တွေ ဖွဲ့စည်းပြီးသွားပါပြီ။ ဒီနေရာမှာ ကျွန်တော်တို့ Employer နဲ့လည်း Organization ရှိပါတယ်။ ဒီ Organization တွေက တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ညှိနှိုင်းပြီးတော့မှ ပြဿနာရပ်တွေ တော်တော်များများကို ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ မျက်နှာချင်းဆိုင် လုပ်ငန်းခွင်မပျက် စေ့စပ်ဆွေးနွေးချင်းအားဖြင့်လည်း ပြေလည်ဖြေရှင်းမှုရမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

နောက် တတိယအချက်ကတော့ ကျွန်တော်တို့ ဒီအငြင်းပွားမှု ဖြေရှင်းရေးဥပဒေထဲမှာ ပါတဲ့အတိုင်းပဲ ပထမဦးဆုံးတော့ ဒါထုံးစံအတိုင်းဘဲ စက်ရုံမှာ ကျွန်တော် တို့ ဘာရှိမလဲ။ စက်ရုံမှာ Negotiation Body ရှိမယ်။ အလုပ်သမား ကိုယ်စားလှယ်ရဲ့ အလုပ်ရှင် ကိုယ်စားလှယ် စက်ရုံမှာ တစ်ခုခုဖြစ်တယ်ဆိုရင် စက်ရုံ၊ အလုပ်ရုံတွေက သူ့ အလုပ်သူလုပ်၊ သူတို့လိုအပ်ချက်တွေကို အဲဒီမှာ Negotiation Body မှာ ဆွေးနွေးကြမယ် ။ Negotiation ကော်မတီမှာ ဆွေးနွေးကြမယ်။ မပြေလည်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့က မြို့နယ်အဆင့်ကို သွားမယ်။ Conciliation Body ကို ရောက်မယ်။ မြို့နယ်အဆင့်မှာ အစိုးရပါ ပါလာမယ်။ သုံးပွင့်ဆိုင် ဖြေရှင်းကြမယ်။ သုံးပွင့်ဆိုင် ဖြေရှင်းလို့ မပြေလည်ဘူးဆိုရင် Arbitration Body ကိုရောက်မယ်။ အဆုံးအဖြတ်ပေးတဲ့ တိုင်းဒေသကြီး အစိုးရကနေပြီးတော့ ဖွဲ့စည်းပေး ထားတဲ့ ခုံသမာဓိအဖွဲ့ လက်ထဲကို ရောက်မယ်။ ခုံသမာဓိအဖွဲ့က အဆုံးအဖြတ်ပေး ပါမယ်။ ဘယ်ရွေ့ဘယ်မျှ ယူဆိုပြီးတော့ အဲဒီအဆုံးအဖြတ်ကို မကျေ နပ်ဘူးဆိုရင် သပိတ်မှောက်နိုင်တယ်။ ဆန္ဒပြနိုင်တယ်။ အဲဒီအချိန်မှာ။ အလုပ်ရှင်က အလုပ်ပိတ်ချင်တယ်ဆိုရင် အဲဒီအချိန်ကျမှပိတ်နိုင်တယ်။ ကျန်တဲ့အချိန် ပိတ်ခွင့် မရှိပါဘူး။ အလားတူပဲ အဲဒီမှာ ကျေနပ် တယ်၊ ပြေလည်တယ်ဆိုရင်ပြီးပြီ။ ဥပဒေကျောင်း၌ ဆက်တက်ချင် သေးတယ်ဆိုရင် ဘယ်တက်လို့ရသေးလဲဆိုရင် နေပြည်တော်မှာရှိတဲ့ ခုံသမာဓိကောင်စီ၊ ဒါ ဥပဒေထဲမှာ ပါပြီးသားပါ။ ပြန်ရှင်းပြရလျှင် နည်းနည်းတော့ အားနာပါတယ်။ ကျွန်တော် ဝတ္တရားရှိလို့ ပြန်ရှင်းပြတာပါ။ Arbitrary Council ကိုတက်ရပါတယ်။ Arbitrary Council ရဲ့အဆုံးအဖြတ်ကို မကျေ နပ်သေးဘူးဆိုရင်လည်းပဲ နောက်ဆုံး တရားလွှတ်တော်ချုပ်ရုံးကို စာချွန်လွှာနဲ့ တင်လို့ ရပါတယ်။ အဲ ဒီတော့ လုပ်ငန်းစဉ်တွေက ဒီအတိုင်းသွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ Indrustional Relation နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ စိုးရိမ်ပူပန်စရာမရှိပါဘူး။ ဒါသဘာဝပါ။ ဒါကို ကျွန်တော်တို့ ပြေလည်အောင်

ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေကို ဒီအတိုင်း ချမှတ်ထား ပါတယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ မတူပီ မြို့နယ်နှင့် ရေဇွာမြို့နယ်ခွဲတွင် မိုက်တ္တရိုဝေ့ဗ်ကြားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၄။**

**ဒုတိယဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင် က **ချင်းပြည်နယ်၊ မတူပီမြို့နယ်နှင့် ရေဇွာမြို့နယ်ခွဲတွင် မိုက်တ္တရိုဝေ့ဗ်ကြားစခန်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ် ပါသော ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော်ရဲ့ မေးခွန်းကို မေးမြန်းပါမယ်။ ကျွန်တော်တို့ မမေးမြန်းခင်မှာဘဲ ကျွန်တော်တို့ ဒီ တစ်နှစ်အတွင်း၊ တစ်နှစ်ကျော်အတွင်းမှာ ဝန်ကြီးဌာန အနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ်ကို ဆက်သွယ်ရေးကိစ္စ တော်တော်အများကြီး လုပ်ပေးထားပါတယ်။ ဒီ တွန်းဇံမြို့နယ်မှာ အော်တိုတယ်လီဖုန်း၊ လျှပ်စစ်၊ CDMA စသဖြင့် ပြောဆိုနိုင်တဲ့ အခွင့်အရေး၊ ထန်တလန်မြို့နယ်မှာ Micro Auto Station Tower ကြီးလုပ်ပေးတာ။ မတူပီမြို့ မှာလည်း IP Star စက်နှစ်လုံးပေးတာ မင်းတပ်မြို့နယ်မှာလည်း ကျေးရွာ အသီးသီးပေးတာကို တွေ့ရှိရတဲ့အတွက် ဝန်ကြီးအပေါ်မှာ ကျွန်တော်တို့ အထူးကျေးဇူး တင်ရှိကြောင်း ကျွန်တော် ပဏာမ ပြောကြားလိုပါတယ်။

အခု ကျွန်တော် မေးမြန်းမယ့် ကိစ္စက လိုအပ်လို့မဟုတ်ဘဲနဲ့ ကျွန်တော်တို့ မတူပီမြို့ ပေါ်မှာ Micro Auto Station တည်ဆောက်နိုင်ရေးအတွက် လိုအပ်သေးတဲ့ Microwave ကြားစခန်း လိုအပ်သေးတယ်လို့ လေ့လာသိရှိရပါတယ်။ ဒီကိစ္စဟာ ယခင်ကတည်းက မေးမြန်းထားတဲ့ မေးခွန်းဖြစ်တဲ့အတွက် ကြားဆောင်ရွက်ချက်ဝန်ကြီးဌာနအနေနဲ့ကြားမှာ ဆောင်ရွက်ချက်များ ရှိပါကလည်း ခွင့်လွှ တ်ပါရန်လို့ ဦးစွာပထမ တောင်းပန်ပါတယ်။ မတူပီမြို့နယ် Microwave Auto Station နဲ့ ရေဇွာမြို့ နယ်ခွဲ Micro Auto Station မရှိသေးတဲ့အတွက် ဒီ

မြို့နယ်နှစ်ခုရဲ့ ဆက်သွယ်ရေးဟာ အခက်အခဲရှိပါတယ်။ မြောက်ပိုင်း ခုန ကျွန်တော် ဖော်ပြ ထားတဲ့ဥစ္စာက ကျေးရွာထိတယ်လီဖုန်း အသီးသီးကို ပြောနိုင်ပြီးဖြစ်တဲ့အတွက် ကျေးဇူးတင် ပါတယ်။ တောင်ပိုင်းမှာရှိတဲ့ ရေဇွာမြို့နယ်ခွဲ၊ မ တူပီမြို့နယ်ခွဲ၊ ပလက်ဝမြို့နဲ့ စသည့ ် ဒေသ ကျေးရွာအချို့မှာ တယ်လီဖုန်းပြောဆိုဆက်သွယ် ခြင်း အခက်အခဲရှိသေးတဲ့အတွက် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ မတူပီမြို့နယ်မှာရှိတဲ့ ကျေးရွာအချို့တွေဟာ ဂန့်ဂေါမြို့နယ် ပုံတောင်၊ ပုံညာမှာ Microwave ကြားစခန်း တစ်ဆင့်သော်လည်းကော င်း၊ မင်းတပ်မြို့နယ်က Microwave ကြားစခန်းကသော်လည်းကောင်း၊ ဆက်သွယ်ရရှိတဲ့အတွက် ကျေးရွာတော်တော် များများဟာ တယ်လီဖုန်းဆက်သွယ်ပြောနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ အော်သရောတောင်တန်းဆိုတာ ချင်းပြည်နယ်ရဲ့ အလယ် ဗဟိုကို တောင်ကနေ မြော က်အထိ သွယ်တန်းပေးတဲ့ တောင်တန်းဖြစ်တဲ့အတွက် အဲဒီ တောင်တန်းအပေါ် နှစ်နေရာ၊ သုံးနေရာလောက်ကို Microwave ကြားစခန်း တည်ဆောက် ပေးနိုင်ရန် ချင်းပြည်နယ်မြို့အားလုံးအပြင် ကျေးရွာအသီးသီးအားလုံးကိုလည်း တယ်လီဖုန်း အဆက်အသွယ် ပြောနိုင်မယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ဝန်ကြီးကိုလည်း ကျွန်တော် အဲဒါ ဆောင်ရွက်ပေးနိုင်ရန် ဒီကနေ တစ်ဆက်တည်း တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

မတူပီမြို့နယ်နှင့် မတ္တရွာမြို့နယ်ခွဲတို့ ဆက်သွယ်ရေး ကောင်းမွန်စေရန် အတွက် အော်သရောတောင်၌ သင့်တော်သည့် တစ်နေရာရာတွင် Microwave ကြားစခန်း တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ /မရှိ။ (ခ) ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး နိုင်မည်နည်း။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဒုတိယဥက္ကဋ္ဌ** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၃၀။**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန** ။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူလူထုရဲ့အကျိုးကို သယ်ပိုး ရွက်ဆောင်နိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ကျွန်တော် ဂါရဝပြု မေတ္တာပို့သအပ်ပါ တယ်။ ချင်းပြည်နယ် မတူပီမြို့နယ်နှင့် ရေဇွာမြို့နယ်မှာ လိုင်းလိန် ပီကျေးရွာနှင့် အခြားကျေးရွာ တွေမှာ တယ်လီဖုန်းဆက်သွယ်ရေး လွယ်ကူစွာ ဆက်သွယ်ပြောဆိုနို င်ဖို့အတွက် ကျွန်တော်တို့ Microwave Station Three Host၊ ဥက္ကဋ္ဌကြီးခင် ဗျား။ တချို့ဟာတွေမှာ ကျွန်တော် တိကျဖို့အတွက် English လို ကြားညှပ်ပြော တာပါရင်လည်း ခွင့်လွှတ်ပေးဖို့ ပြောပါတယ်။ Three Host ကျွန်တော်တို့ သင့်တော်တဲ့ နေရာတွေမှာ တည်ဆောက်ဖို့ အစီအစဉ် ရှိ /မရှိနဲ့ ပတ်သက်ပြီးတော့ရယ် ကျွန်တော်တို့ နောက်တစ်ခါ ရေဇွာမြို့နယ်ခွဲရှိ လိုင်းလိန်ပီ ကျေးရွာနှင့် အခြားကျေးရွာ တွေ မှာ တယ်လီဖုန်းဆက်သွယ်ရေးစနစ် လွယ်ကူစွာပြော ဆိုနိုင်ဖို့အတွက် ဆောင်ရွက်ပေးမယ့် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ Microwave Station ဆောက်ဖို့ကိစ္စမှာ ဒီ ကျွန်တော်တို့ ချင်းပြည်နယ်၊ မတူပီမြို့နယ်ကို ကျွန်တော် နှစ်ခေ ါက်ရောက်ရှိပါတယ်။ နှစ်ခေါက်ရောက်ရှိ ကတည်းက အဲဒီ မတူပီ မြို့ နယ်နဲ့ပတ်သက်ပြီးတော့ Microwave Station ဘယ်လို တည်ဆောက်ရင်ဖြစ်မလည်းဆိုတာကို အဲဒီ ထဲကလေ့လာခဲ့ပါတယ်။ လေ့လာခဲ့တဲ့အတွက် ကျွန်တော်တို့ မတူပီမြို့နယ်အတွက် ပျားနတ်တောင် -ပွိုင့် ၈၉၆၁ နဲ့ ပွိုင့် ၅၀၀၀ အဲဒီမှာ Microwave ဆက်ကြောင်းတည်ဆောက်ဖို့အတွက် ၂၀၁၂-၂၀၁၃ ယခုနှစ်ဘတ်ဂျက် ဖြစ်ပါ တယ်။ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်း တောင်းခံခဲ့တဲ့အတွက် ခွင့်ပြုချက်လည်း ရရှိပြီး ဖြစ်ပါတယ်။ လောလောဆယ် အဆောက်အဦ ဆောက်လုပ်ဖို့နဲ့ စက်ပစ္စည်းတွေ ဝယ်ယူ ဖို့အတွက် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ ရေဇွာမြို့နယ်ခွဲမှာ ယခင်က ကျွန်တော်တို့ MPT Satellite Terminal ဖြင့် တယ်လီ ဖုန်း အဝင်အထွက် (၄) လိုင်းပဲ ရှိပါတယ်။ ဒါ ကို ကျွန်တော်

ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြချက်အရ ၁၁-၅-၂၀၁၂ ရက်နေ့မှစပြီးတော့V-SAT Terminal ထပ်ပြောင်းပြီးတော့နှစ်ဆ ကျွန်တော် တိုးထားတဲ့အတွက် အဝင်အထွက်လိုင်း(၈)လိုင်းနဲ့ တိုးချဲ့ပြီးတော့ ချိတ်ဆက်ပြီးတော့ ဆက် သွယ်ဆောင်ရွက်နေနိုင်ပြီဆိုတဲ့ဟာကို ကျွန်တော် ဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့လည်းပဲ ကျွန်တော်ချင်းပြည်နယ်နဲ့ပတ်သက်ပြီးတော့ ဆက်သွယ်ရေး ဆောင်ရွက်မှုကို တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော် ချင်းပြည်နယ်ဟားခါးဘက်က မြောက်ပိုင်းဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ ဆက်သွယ်မ ယ်ဆိုလို့ရှိရင် ကလေးဘက်ကို ထွက်ပြီးတော့မှ ကလေး ဘက်ကနေတစ်ဆင့် မုံရွာ -မန္တလေး၊ ဒီလို ကျွန် တော်တို့ ဆက်သွယ်ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ မတူပီ၊ မင်းတပ်၊ ကန်ပက်လက် ဆိုရင်လည်း ကျွန်တော်တို့ ပေ ါက်ဘက်က ထွက်ပြီးတော့ ပေါက်ကနေပြီးတော့မှ ကျွန်တော်တို့ ပခုက္ကူ -မကွေး ဒီလို ဆက်သွယ်ရပါတယ်။ အဲသလိုကနေ ကျွန်တော်တို့ ဆက်သွယ်မှုလုပ်နေတဲ့အခါကြတော့ ချင်းပြည်န ယ်အလယ်ပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆက်သွယ်မှု လိုအပ်ချက်ရှိတယ်လို့ ကျွန်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ညှိနှိုင်း ဆွေးနွေးပြီး သုံးသပ်ရရှိတဲ့အတွက် ယခုဆိုလို့ရှိရင် ကျွန်တော်တို့ ချေးငွေနဲ့၊ ချင်းပြည်နယ်မြောက်ပိုင်း ကျွန်တော်တို့ ရိဒ်ကနေပြီးတော့ သီရိဥတ္တမတောင်ကနေပြီးတော့ ဟားခါး -မတူပီ-မင်းတပ် အဲဒီက နေပြီးတော့ ချင်းပြည်နယ် အလယ်ပိုင်းကို ကျွန်တော်တို့ Microwave ဆက်ကြောင်းအသစ် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ အသစ်တည်ဆောက် ပြီးတော့မှ ရေဇွာမြို့နယ်ခွဲ အပါအဝင် တခြား ဟားခါး -မတူပီ- မင်းတပ် ကားလမ်းတစ်လျှောက်မှာရှိတဲ့ ချင်းပြည်နယ် အလယ်ပိုင်း က မြို့နယ်တွေအနေနဲ့ ဆက်သွယ်မှု ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း ကျွန်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ဆက်သွယ်ရေး စာတိုက် နှင့် ကြေးနန်းဝန်ကြီးဌာနအနေနဲ့ ကျွန် တော်တို့ ကိုယ်စားလှယ်တော်ကြီးများ အပါအဝင် ပြည်သူတွေ အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆို ဆက်သွယ်နိုင်ဖို့ ကမ္ဘာ့စံချိန် စံညွှန်းအတိုင်း ဈေးနှုန်းသက်သာစွာဖြင့် ကျွ န်တော်တို့ အသုံးပြုနိုင်ဖို့ ဆောင်ရွက်သွားဖို့ဟာ ကျွန်တော်တို့ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်း

ဝန်ကြီးဌာနရဲ့ အဓိက တာဝန်ဖြစ်ပါတယ်။ ဒီလိုဆော င်ရွက်နိုင်ဖို့လည်းပဲ သမ္မတကြီး က နေပြီးတော့ Reform Plan ချမှတ်ပြီးတော့ ဆောင်ရွက်ဖို့ ဆိုပြီးတော့ လမ်းညွှန်ချက်ပြု ခဲ့တဲ့ အတွက် ကျွန်တော်တို့လည်း Reform Plan ချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများက ဆက်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်တစား ဆွေးနွေးကြတဲ့အတွက် အထူးလည်းပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီလို Reform Plan ချမှတ်ဆောင်ရွက်ရာမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၊ ရတနာပုံတယ်လီပို့ တို့ဟာ နိုင်ငံတကာဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း အတွေ့အကြုံရှိတဲ့ ပြည်တွင်း /ပြည်ပ ကုမ္ပဏီတွေကို ပွင့်လင်းမြင်သာထင်သာရှိတဲ့ International Tender ခေါ်ယူပြီးတော့မှ Joint Venture ကုမ္ပဏီတွေ ဖွဲ့ စည်းပြီးတော့ ကျွန်တော်တို့ ပြည်သူတွေကို အပြိုင်ပေါ့လေ။ ပြည်သူတွေဟာ ရွေးချယ်နိုင်တဲ့ ကျွန်တော်တို့ ရွေးချယ်အသုံးပြုနိုင်တဲ့ Facility ပေါ့လေ။ ရွေးချယ်အသုံးပြုနိုင်အောင် Joint Venture တွေ ဖွဲ့စည်းပြီးတော့ ကုမ္ပဏီတွေ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ် ပါတယ်။ အဲဒီလို ဆောင်ရွက်သွားတဲ့ အခါမှာ ကျွန်တော်တို့ အရင် ကျွန်တော်တို့ ဒီလိုဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတွေ မှာ ဖြစ်ပေါ်ခဲ့တဲ့ ကန့်သတ်ချက် တွေ၊ စိန်ခေါ်မှုတွေ ဒါတွေကိုတော့ ကျွန်တော်တို့ သင်ခန်းစာယူရပါမယ်။ အဲဒါတွေကို ကျွန်တော်တို့ လေ့လာလိုက်တဲ့အခါမှာ ကျွန်တော်တို့ဟာ International Tender ခေါ်ယူပြီးတော့ Joint Venture ကုမ္ပဏီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သတိထားရမယ့်ဟာ တွေကတော့ နိုင်ငံတကာအဖွဲ့အစည်း၊ ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ ထိတွေ့ညှိနှိုင်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကိုယ့်ဘက်ကနေပြီးတော့ ကျွန် တော်တို့ ဥပဒေကြောင်းအရ ဆက်သွယ်မှုကွန်ရက် ခိုင်မာမှု စသည်တို့ကို အဖက်ဖက်က ပြည့်စုံခိုင်မာထားဖို့ လိုပါတယ်။ ဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဟာ ရှေ့နေချုပ်ရုံးကို ဒုတိယအကြိမ် တင်ပြပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးတို့ဆီလည်းပဲ ကျွန်တော်တို့ ဒီဟာကို ရှေ့နေချုပ်ရုံးကနေတစ်ဆင့် ရောက်ရှိလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆက်သွယ်ရေး ဥပဒေများ ရောက်ရှိလာတဲ့အခါမှာလည်းပဲ ဝိုင်းဝန်းပြီးတော့ ကျွန်တော်တို့ လိုအပ်သည်များ ရှိရင် အကြံပြုဆွေးနွေးကြဖို့ တင်ပြလိုပါတယ်။

ထို့အတူပဲ နိုင်ငံတကာ ကုမ္ပဏီကြီးများဟာ တိုင်းပြည်မှချမှတ်ထားတဲ့ ဆက်သွယ်ရေး ဆိုင်ရာနည်းဥပဒေတွေကို နား လည်ကြေညက်အောင် ဆောင်ရွက်ပေးပြီးမှ ကျွန်တော်တို့

လုပ်ကိုင်ဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် ကိုယ့်ဘက်ကလည်း ခိုင်ခိုင်မာမာ၊ ရပ်တည်ဆွေးနွေး စိစစ်ဖြေကြား ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်းကိုလည်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ ကျွန်တော်တို့ အရင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတွေကို လေ့လာလိုက် တဲ့အခါမှာ တောင့်တင်းခိုင်မာတဲ့ ဥပဒေတွေ၊ ခိုင်ခန့်တဲ့ကွန် ရက်တွေ ပိုင်ဆိုင်တဲ့တိုင်းပြည်များမှာပင်လျှင် အချို့တိုင်းပြည်များမှာ အငြင်းပွားမှု၊ ဥပဒေအရ ရင်ဆိုင် နေရမှုတွေရှိတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ဆိုလို့ရှိရင် ကျွန်တော် တို့ ထိုင်းနိုင်ငံမှာ ဒီ Telecom Industry မှာ ထိုင်းနိုင်ငံရဲ့ နိုင်ငံသားတွေနဲ့ နိုင်ငံခြားသားတွေရဲ့ ပိုင်ဆိုင်မှုဟာ အချိုးမညီမမျှ ကျွန်တော်တို့ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ နောက်တစ်ခါ အိမ်နီးချင်း နိုင်ငံကြီးတစ်ခုမှာ ခွင့်ပြုထားတဲ့ ဆက်သွယ်ရေးလုပ်ငန်း ပိုင်ဆိုင်ခွင့်တွေကို ကျွန်တော်တို့ အများကြီး ခွင့်ပြုလိုက်မိတဲ့အတွက် ခွင့်ပြုလိုက်တဲ့ ဆက်သွယ်ရေး Operator ပိုင်ဆိုင်ခွင့် တွေကို ပြန်လည်ပြီးတော့ ရုပ်သိမ်း ရမှုကြောင့် နိုင်ငံ့ခေါင်းဆောင်တွေအထိ ကျွန်တော်တို့ ပါဝင်ပြီးတော့ ညှိနှိုင်းပေးနေရမှုလည်း ရှိပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ရဲ့အနောက်ဖက် နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံပိုင်ဆက်သွယ်မှု ကွန်ရက်၊ ခိုင်မာမှုမရှိခင်မှာ ကျွန်တော်တို့ ပုဂ္ဂလိက Operator တွေကို အပြိုင် ပေးလိုက်တဲ့အခါမှာ နိုင်ငံပိုင် ဆက်သွယ်ရေးရဲ့ ဈေးကွက်ဟာ လည်းပဲ One Percent လောက်ပဲ ရှိတော့တာကို တွေ့ရှိရပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ကမ္ဘောဒီးယားနှင့် လာအိုမှာ Operator တွေကို ကျွန်တော်တို့ အများအပြား၊ အပြိုင်အဆိုင် လုပ်ပိုင်ခွင့် ပေးလိုက်တဲ့အခါမှာ ကျွ နိတော်တို့ ထုံးစံအတိုင်းပဲ ဝင်ငွေမြန်မြန် ပြန်ရရှိနိုင်မယ့် မြို့ကြီးတွေမှာပဲ ဦးစားပေးပြီးတော့ ဆောင်ရွက်ကြတဲ့အတွက် ကျေးလက်ဒေသမှာ ဆောင်ရွက်မှု အားနည်း တဲ့အတွက် တစ်နိုင်ငံလုံးဟာ ဆက်သွယ်ရေး ပျံ့နှံ့မှု အားနည်းပြီးတော့ Communication different ပေါ်ပေါက် လာတာကို တွေ့ရှိရပါတယ်။ တချို့ကျတော့လည်းပဲ နိုင်ငံပေါင်းစုံကနေ ကုမ္ပဏီပေါင်းစုံ ပါဝင်ဆောင်ရွက်ကြတဲ့အတွက် ကျွန်တော်တို့ဟာ စိတ်ရင်းကောင်းနဲ့ ကျွန်တော်တို့ကို ကူညီပြီးတော့ ပြည်သူတွေ ဆက်သွယ်မှု မြန်မြန်ဆန်ဆန် အသုံးပြုနိုင်အောင် ပါဝင်ကူညီ ဆောင်ရွက်ပေးသလိုပေးတဲ့ပုဂ္ဂိုလ်များရှိသလို အဖျက်သဘောနဲ့ နှောင့်နှေးကြန့်ကြာအောင် ပါဝင်မယ့်သူလည်းရှိတတ်တဲ့အတွက် ဒါတွေကိုလည်း ကျွန်တော်တို့က မျှော်မှန်းပြီးတော့ ကျွန်တော်တို့ သတိထားရမှာဖြစ်တဲ့အချက်တွေလို့ ပြောချင်ပါတယ်။

ဒါကြောင့် ဒီအချက်တွေကို သင်ခန်းစာယူပြီးတော့ ကျွန်တော်တို့အနေနဲ့ International Tender ခေါ်ယူတဲ့အခါမှာ Consultancy ဆိုတဲ့ ကျွန်တော်တို့ ကမ္ဘာမှာ ဒီလို International Tender ခေါ်ယူတာကို လိုက်လံပြီးတော့ အကြံပြုတဲ့အဖွဲ့အစည်း၊ ကျွန်တော်တို့ Consultant လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် တိုက်တိုက်ဆိုင်ဆိုင် ပါပဲခင်ဗျား။ ယနေ့ဆိုရင် ကျွန်တော် International Tender ခေါ်ယူဖို့အတွက် အပြည်ပြည်ဆိုင်ရာ Tender၊ လုပ်ထုံး လုပ်နည်းတွေ အတိုင်းဖြစ်ဖို့ နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း ဖြစ် ဖို့နှင့် ပွင့်လင်း မြင်သာမှုရှိဖို့ အတွက် Tender ခေါ်ယူခြင်း၊ ပြင်ဆင်ခြင်း၊ ကျွန်တော်တို့ စိစစ် ရွေးချယ်ခြင်း စတဲ့လုပ်ငန်းအဆင့်ဆင့်တွေမှာ Telecommunications Tender Consultant အဖြစ် ဆောင်ရွက်ပေးနိုင်မယ် ့ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ Telecommunications Tender Consultant ကုမ္ပဏီအဖွဲ့အစည်း၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်း အတွေ့အကြုံ ၊ အကြံဉာဏ်တွေကို ရယူဆောင်ရွက် နိုင်ဖို့အတွက် Consultanly လုပ်ငန်းကို ဆောင်ရွက်လို သည့် Telecommunications Tender Consultant ကုမ္ပဏီအဖွဲ့အစည်းတွေကို အဆိုပြုလွှာ တင်သွင်းဖို့ ကျွန်တော်တို့ ယနေ့ ဖိတ်ခေါ်တာ ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ယနေ့သတင်းစာထဲမှာ ဒီအတိုင်းပဲ ကျွန်တော်တို့ ဖိတ်ခေ ါ်တာ အင်္ဂလိပ်နဲ့ မြန်မာပါရှိမှာ ဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ Website တွေထဲမှာရှိနေမှာဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ Consultancy နှင့် သက်ဆိုင်တဲ့ တာဝန်ရှိ တဲ့သူတွေနဲ့ ပြည့်စုံစွာ ညှိနှိုင်းပြီးပြီ ဆိုရင် အစီအစဉ်အတိုင်းပဲ ကျွန်တော်တို့ဟာ International Tender ခေါ်ယူပြီးမှတော့ လုပ်ကိုင် ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ ဒီ Reform Plan အတိုင်းပဲ မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားမှာလို့ တင်ပြချင်ပါတယ်။

ကျွန်တော် တင်ပြလိုတာ ကတော့ ကျွန်တော်တို့ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနအနေဖြင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ ရဲ့ ပြည်သူတွေကို လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများကဲ့သို့ပဲ ကမ္ဘာ့စံချိန်စံညွှန်းအတိုင်းပဲ စျေးနှုန်းသက်သာစွာဖြင် ့ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင် ရွက်ပေးဖို့ ကျွန်တော်တို့ အထူး လိုလားပါ တယ်။ အဲဒီ လို ဆောင်ရွက်ပေးဖို့အတွက်လည်းပဲ Reform Plan အတိုင်းလည်း စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်။ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ရင် ကျွန်တော့်ရဲ့ ဆက်သွယ်ရေးစာတိုက်နှင် ့ ကြေးနန်းဝန်ကြီးဌာနက ဆက်သွယ်ရေးကဏ္ဍနဲ့

ပတ်သက်ပြီးတော့ အခြား ကျွန်တော်တို့ ကိုယ်စား လှယ်တော်ကြီးများ ဆွေးနွေးလို သည်များ ရှိပါကလည်းပဲ အချိန်မရွေး ကျွန်တော်တို့ စာဖြင့် သော်လည်းကောင်း၊ ဖုန်းဖြင့် သော်လည်းကောင်း၊ ယခုကဲ့သို့ မေးခွန်းများ ဖြင့်သော်လည်းကောင်း ဆွေးနွေးနိုင် ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုလို ဆွေးနွေးတဲ့အတွက်လည်းပဲ အထူးကျေးဇူး တင် ရှိပါတယ်။ ကျွန်တော့်ကို လည်းပဲ အမျိုးသားလွှတ်တော်မှာ ဒုတိယဥက္ကဋ္ဌကြီးက ယခုကဲ့သို့ ကိုယ်စားလှယ်တော်ကြီးများကို လာရောက်ရှင်းလင်းတင်ပြခွင့် ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း လေးစားစွာ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆ န္ဒနယ်အမှတ် (၈) ၏ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမအဖွဲ့အစည်းများကို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားပါသဖြင့် စိုက်ပျိုးရေး သမဝါယမအသင်း (Agricultural Cooperative) များအတွက် ဥပဒေသစ် ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၀။**

**ဒုတိယဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်က နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမအဖွဲ့အစည်းများကို စီပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားပါသဖြင့် စိုက်ပျိုးရေးသမဝါယမအသင်း (Agricultural cooperative) များအတွက် ဥပဒေအသစ် ရေးဆွဲရန်နှင့်စပ်လျဉ်းသည့် အဆို တစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဒေါက်တာမြင့်ကြည် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်

ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့် အဆိုကတော့ နိုင်ငံတော်သည် အမျိုးသား စီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခွင့် ပြုထားပါသဖြင့် စိုက်ပျိုးရေးသမဝါယမအသင်း (Agricultural cooperative) အတွက် ဥပဒေအသစ်ရေးဆွဲ ရန် အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဆိုကို တင် သွင်းရတဲ့ အကြောင်း ရင်းကတော့ ကျွန်တော်တို့ နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံ ဆိုပေမယ့်လည်း ဒါ တစ်ကမ္ဘာလုံးမှာပဲ ပြန်ပြီးတော့ကြည့်လို့ရှိရင် သမဝါယမအသင်းများ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ သမဝါယမအသင်း အမျိုးမျိုး ရှိပါတယ်။ သို့သော် ကျွန်တော်တို့ ဒီ လက်တွေ့ သမဝါယမအသင်းတွေ ကို ပြန်လည်ပြီးတော့ သုံးသပ်ကြည့်ရင် အမြတ်အစွန်းရတဲ့၊ တိုးတက်ကြီးပွားလာတဲ့ သမဝါယမအသင်းဆိုတာ ကျွန်တော်တို့ မတွေ့ရသလောက် ဖြစ်ပါတယ်။ ဒီဟာက ဒီစာတမ်းကို တင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ဒီဟာလေးက ကျွန်တော့်စိတ်ကို လှုပ်ရှားစေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဟို တုန်းက ရှိခဲ့တဲ့ ဒါ တချို့ကတော့လည်း သိတယ်။ တက္ကသိုလ် သမဝါယမအသင်းဆိုတာ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ တက္ကသိုလ်သမဝါယမအသင်းကတော့ အမြတ်အစွန်းရပါတယ်။ ကျွန်တော်တို့ အဲဒီတုန်းက ငါးကျပ်လောက် ထည့်တဲ့ဟာ ကျွန်တော် ပြန်ပြီး Share ပြန်ထုတ်တဲ့ အခါမှာ ငါးရာလောက် ရပါတယ် ။ ဒါကျွန်တော် ရခဲ့ပါတယ်။ နောက်ပိုင်း ဒီသမဝါယမအသင်း တွေကတော့ အဲဒီသဘောမျိုး မရှိပါဘူး။ ဒီမှာကတော့ စိုက်ပျိုးရေးသမဝါယမအသင်းဆိုရင် တော်တော်များများ လိုက်ကြည့်လို့ရှိရင် စိုက်ပျိုးရေးသမဝါယမ ဒီ Agricultural cooperative Law ဆိုတာက ရှားရှားပါးပါး ဖြစ်ပါတယ်။ မရှိသလော က် နည်းပါတယ်။ ရှိတော့ ရှိပါတယ်။ ဘယ်ဟာကို မူတည်တာလဲဆိုတော့ သမဝါယမ ဥပဒေကိုပဲ မူတည်ပါတယ်။ cooperative Law ဆိုတာ သမဝါယမဥပဒေကိုပဲ မူတည်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေတွေဟာ သမဝါယမဥပဒေတွေဟာ ကျွန်တော်တို့က ပြုပြင်ဖို့ သင့် /မသင့်၊ အသ စ်ရေးဆွဲဖို့ သင့် /မသင့် ပြန်လည်စဥ်းစားဖို့ လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ဒီမှာ တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ စိုက်ပျိုးရေးသမဝါယမအသင်းများကို ထူထောင်ထားတာတွေ ရှိပါတယ် အဲဒီမှာ ဆန်စက်တွေ လည်းပဲရှိမယ်။ ကျွန်တော်တို့ ကြိတ်ခွဲစက်တွေ ရှိတယ်။ စပါးသိုလှောင်ဖို့ ဂိုဒေါင်တွေလည်းရှိမယ် စသည်အားဖြင့်ပေါ့နော်။ သို့သော် ဒီ သမဝါယမအသင်းတွေ ထူထောင်

ထားတာက သက်ဆိုင်ရာ လယ်သမားတွေ အဲဒီ အသင်းဝင်တွေရဲ့ စားဝတ်နေရေး ပြေလည်အောင် တစ်နည်းအားဖြင့် သူတို့အတွက် ဦးတည်ပြီးတော့ တည်ထောင်ထားတဲ့ သဘောမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ Company တွေ၊ Enterprises တွေနဲ့ မတူပါဘူး။ Interpreneure ဆိုတာ ဒါ ကျွန်တော် တစ်ခါ သံအမတ်ကြီး ဦးစောထွန်း က ဒီ Interpreneure တွေစပြီး ဖြစ်ခါစတုန်းက သူက ရယ်ဟယ်မောဟယ်နဲ့ ပြောဖူးပါတယ်။ Interpreneure ဆိုတာတဲ့ အဲဒီမှာ လုပ်တဲ့ အစ်မကြီးတွေနဲ့ သူများ မျက်ခုံးမွေးပေါ်မှာ စကြ့်န်လျှောက်တာပါ၊ သူ အဲဒီလို ပြင်သစ်လို၊ သူက ပြင်သစ်မှာလည်း သံအမတ် ကျွန်တော် ဒါ ကြားဖူးနားဝရှိတာပြောတာ။

အဲဒီတော့ ဒီ cooperative ဆိုတာ ကတော့ အဲဒီလို မဟုတ်ပါဘူး။ စုပေါင်းပြီးတော့ ဒါ ကျွန်တော်တို့က ဆောင်ရွက်ထားတာ။ သူတို့ ဒီ လယ်ယာသမဝါယမ ဆိုလို့ရှိရင်လည်း ဒါ ဥရောပမှာလည်း အင်မတန်မှလည်း ထွန်းကား ပါတယ်။ ဂျပန်နိုင်ငံမှာလည်း ရှိပါတယ်။ ကိုရီးယားမှာလည်း ရှိတယ်။ တောင်သူလ ယ်သမားတွေ သူတို့ မတည်ပြီးတော့ သူတို့ Share တွေနဲ့ သူတို့သွင်းတယ်။ သွင်းပြီး သက်ဆိုင်ရာ သူတို့ အသင်းသားတွေကို ဟိုဘက်က Company တွေမှာလည်း Company တွေမှာတော့ Share Holder တွေပေ့ါ။ ဒီဟာတွေ ဆွေးနွေးတာတွေ ရှိပါတယ်။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန် နည်းနည်း ကွာပါတယ်။ အဲဒီ တော့ ဒီအသင်းသားတွေ ဒီCooperativeမှာ သူ့အသင်းသားတွေက ခုနတုန်းက သက်ဆိုင်ရာ အသင်းရဲ့ ညီလာခံအသင်း အစည်းအဝေးထဲမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီးတော့ ဒီ အကျိုးအမြတ်တွေကို ဖန်တီးကြတာ ဖြစ်ပါတယ်။ သူတို့ ကိုယ်တိုင်ကိုယ်ကျလည်းပဲ ဟိုဘက်မှာဆိုလို့ရှိရင် လယ်ယာ သမဝါယ မအသင်းတွေဆိုရင် ဥရောပဘက်မှာ သူတို့ ဒီအသင်းကပဲ ဆန်စက်တွေ ထောင်မယ်။ နောက် Transportation အတွက်လည်း သူတို့ ကားတွေ သူတို့ကိုယ်တိုင် ဒါတွေ ဆိုပြီးတော့ လုပ်ထားတယ်။ နောက် အဲဒီကလည်းပဲ ဒီ ကျွန်တော်တို့ Agriculture product တွေ ဒီဟာတွေ ကနေပြီးတော့ ဥပမာ - နို့ချက်စက်ရုံတို့လို စသည်အားဖြ င့် ဒီဟာတွေ တဖြည်းဖြည်း တိုးတက် ပြီးတော့ သမဝါယမအသင်းကြီး ကြီးပွားအောင် ဆောင်ရွက်ပြီးတော့ လုပ်တာတွေ တွေ့ပါတယ်။ သူတို့လည်း အောင်မြင်နေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ဒီမှာရှိနေတဲ့ သမဝါယမဥပဒေတွေဟာ ပြန်လည်ပြီးတော့ အသ စ်ရေးဆွဲပြီး စိုက်ပျိုးရေး ကျွန်တော်တို့ အဓိကကတော့ စိုက်ပျိုးရေးပေ့ါ။

စိုက်ပျိုးရေးသမဝါယမအသင်းနဲ့ ပတ်သက်တဲ့ လုပ်နည်းလုပ်ဟန်တွေ၊ မူဝါဒတွေဟာ ပြုပြင်ပြောင်းလဲသင့်တယ်ဆိုတဲ့ အဆိုကို ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဒုတိယဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဆက်လက် ဆောင်ရွက်ပေးပါ။

**အချိန်၊ ၁၁း၄၇။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် ၏ နိုင်ငံတော် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမ အဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခွင့် ပြုထားပါသဖြင့် စိုက်ပျိုးရေး သမဝါယမအသင်း (Agricultural cooperative) များအတွက် ဥပဒေအသစ် ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) ကျွန်တော် ဦးကံညွန့်မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဒုတိယဥက္ကဋ္ဌ ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။

အဆိုမှာ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် သမဝါယမ အဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ပြုထားပါသဖြင့် စိုက်ပျိုးရေး သမဝါယမအသင်း (Agricultural cooperative ) များအတွက် ဥပဒေအသစ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘော တူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွ က် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၉။**

**ဒုတိယဥက္ကဋ္ဌ။** ။ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို ဆွေးနွေး မယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ထမင်းစားချိန်တော့ နည်းနည်းနီးတော့ အစီအစဥ်လေး တစ်ရပ်ပဲ ကျန်ပါတော့တယ်။ ဆက်လက် ဆောင်ရွက် ခွင့်ပြုပါလို့ တင်ပြပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှ တ်(၈)၏ မြန်မာနိုင်ငံတွင် ဆင်းရဲ နွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေး လက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာထက်သန်စွာ ဝိုင်းဝန်းကူညီ ပံ့ပိုးပေး နိုင်ပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဒုတိယဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဟာရှိန်းဘွေ က မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး

ဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ မှလည်း တတ်အားသမျှ စေတနာထက်သန်စွာ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးဟာရှိန်းဘွေ အဆို တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြမယ့် အဆိုကတော့ ချင်းပြည်နယ်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံတော်အစိုးရနဲ့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံက တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများက လည်းပဲ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီ ပံ့ပိုးပေးနိုင်ပါရန် အဆိုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ပြည်နယ်နဲ့ တိုင်း (၁၄)ခုအနက် ဆင်းရဲနွမ်းပါးမှု (၇၃)ရာခိုင်နှုန်းနဲ့ အနိမ့်ကျဆုံး ပြည်နယ်တစ်ခု ဖြစ်နေပါတယ်။ ကျန်ပြည်နယ်များနှင့် တိုင်းများမှ ယခုအစိုးရသစ်လက်ထက်မှာ ခြေတစ်လှမ်း လှမ်းရင် ကျွန်တော်တို့ ချင်းပြည်နယ်ဟာ အနည်းဆုံး သုံး၊ လေးလှမ်း လှမ်းမှ ၂၀၁၅ ခုနှစ်မှာ ပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို (၃၂)ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးအစိုးရ တက်လာတဲ့အချိန်ကစပြီး ချင်းပြည်နယ်ရဲ့ ပညာရေးဖွံ့ဖြိုးမှုဟာ အရှိန်ရရှိလာခဲ့ပါတယ်။ အိမ်ခြေ (၂၀)ရှိတဲ့ ကျေးရွာများအထိ မသင်မနေရ မူလတန်းကျောင်းများ နိုင်ငံတော်မှ ဖွင့်လှစ်ပေးတဲ့အတွက် ချင်းတိုင်းရင်းသားပြည်သူများရဲ့ ပညာရေးဟာ လူဦးရေအချိုးနဲ့ တွက် မယ်ဆိုရင် မြန်မာနိုင်ငံမှာ အဆင့်မနိမ့်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်၊ တပ်မတော်အစိုးရ တက်လာတဲ့အချိန်ကစပြီး မြန်မာနိုင်ငံရဲ့ ဝေးလံ သီခေါင်တဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး စီမံချက်များ

ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ အထူးသဖြင့် လမ်း၊ တံတားများကို နယ်စပ်ဒေသအထိ ကြိုးပမ်းဖောက်လုပ်ပေးခဲ့တဲ့ အတွက် ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ပြည်မနဲ့ အဆက်အသွယ် လမ်းများ တိုးချဲ့ခြင်း၊ လမ်းသားများ ချဲ့ထွင်ခြင်း၊ ကျောက်ချောခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ တံတားများ ဆောက်လုပ်ပေးခြင်းနဲ့ မြို့နယ်ချင်းဆက် လမ်းများ ကတ္တရာအဆင့် ရောက်အောင် ဆောင်ရွက်ပေးခဲ့တဲ့အတွက် ချင်းပြည်နယ်မှာ အဓိကလမ်းမကြီးများ(၆၀)ရာခိုင်နှုန်း အထိ ကတ္တရာအဆင့် ရောက်ရှိနေပြီ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ၂၀၁၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲအပြီး အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်း အဖက်ဖက်မှ အပြောင်းအလဲများစွာဖြင့် အဓိက ကျေးလက်နေ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ချင်းပြည်နယ် ကျေးလက်ဒေသရှိ ပြည်သူများ မိမိတို့ မြို့နဲ့ အလွယ်တကူ ဆက်သွယ်နိုင်တဲ့ ကျေးရွာချင်းဆက်လမ်းများကို ဆိုင်ကယ်လမ်း (၆)ပေလမ်းနဲ့ ဂျစ်ကားလမ်း (၁၂)ပေ လမ်း အကျယ်များ ဒေ သခံပြည်သူများမှ မိမိတို့ရဲ့ အသိ စိတ်ဓာတ်နဲ့ တောင် စဉ်တောင် တန်းကြီးများ၊ ချောင်းကြီး ချောင်းငယ်များကို ဖြတ်လျက် ကိုယ်ထူ ကိုယ်ထ ဖောက်လုပ်နေကြတာဟာ လွန်ခဲ့တဲ့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က စတင်ခဲ့တာ ဖြစ်ပါ တယ်။ ယခုဆိုရင် (၁၂)နှစ်ထဲ ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်း တပ်မြို့နယ်ဟာ လွန်ခဲ့တဲ့ (၁၂)နှစ်တာ ကာလအတွင်းမှာ ဆိုင်ကယ်လမ်း (၆)ပေလမ်းဖောက်ပြီး (၃၅)ရွာ၊ ဂျစ်ကားလမ်း ပေါက်ပြီး ကျေးရွာ(၅၄)ရွာအထိ တိုးတက်လာပြီ ဖြစ်ပါတယ်။ ကျန်မြို့နယ်များဟာလည်း အရှိန်အဟုန်နဲ့ ဖောက်လုပ်နေကြပါတယ်။

ဒါကြောင့် ယင်းလမ်းများကို သံတိုင်၊ ပေါက်ပြား ၊ ပေါက်ချွန်းများဖြင့်သာ ဖောက်လုပ် နေကြပြီး မိမိတို့ရဲ့ရိက္ခာ အနည်းဆုံး (၂)ပတ်စာကို သယ်ဆောင်ပြီး တောတောင်များမှာ တဲထိုး အိပ်ပြီး ကြိုးပမ်းဖောက်လုပ်နေကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ရှိ ကျန်မြို့နယ် များမှာလည်း ကျေးလက်လမ်းများကို မြို့နယ်ခွဲအပါအဝင် (၁၂)မြို့နယ်မှာ ဒေသခံပြည်သူများဟာ မိမိတို့ရဲ့ အသိစိတ်ဓာတ်နဲ့ အင်တိုက်အားတိုက် ဖောက်လုပ်နေကြတာ ဖြစ်ပါတယ်။ အထူးသဖြင့်

ကျေးရွာများနှင့် အလွယ်တကူ ဆက်သွယ်နိုင်အောင် ဂျစ်ကားလမ်းများ ဖောက်လုပ်နိုင်ပါမှသာ ဒေသထွက်ကုန်များ မြို့ကို အလွယ်တကူ သယ်ဆောင်ရောင်းချ ဝင်ငွေတိုးရရှိလာမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဆိုင်ကယ်လမ်း ဖောက်လုပ်ရာမှာ အဓိက ပံ့ပိုးပေးနိုင်ဖို့အတွက် ရိက္ခာဖြစ်တဲ့ဆန်နဲ့ ဖောက်လုပ်ရန် လက်နက် ကိရိယာများ အထူးလိုအပ်လျက်ရှိပါတယ်။ ဂျစ်ကားလမ်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တစ်မိုင်(၉)သိန်းနှုန်းဖြင့် တစ်နှစ်လျှင် (၄)၊ (၅)လမ်း ချပေးနိုင်ပါက လုပ်ငန်းမြန်ဆန်လာမှာ ဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင် တစ်မြို့နယ်ကို (၃)နှစ်မှာ တစ်လမ်းလောက်ပဲ ချပေးနိုင်တဲ့အတွက် လုပ်ငန်းအကောင်အထည်ဖော်မှု နှေးကွေးလျက်ရှိပါတယ်။ ဥပမာ - ကျွန်တော်တို့ မင်း တပ်မြို့နယ်မှာ ဆိုင်ကယ်လမ်း ဖောက်လုပ်နေဆဲလမ်း (၂၇)လမ်းတိတိ ရှိပါတယ်။ ဂျစ်ကားလမ်းအရှည် မိုင်(၃၀)၊ (၄၀)ကျော် ဂျစ်ကားလမ်းအရှည် လမ်းကြီး (၃)သွယ်ကို ကျွန်တော်တို့ ဖောက်လုပ်နေလျက်ရှိပါတယ်။ ဒီလိုပဲ မြို့နယ်တိုင်းလိုလိုမှာ အနည်းဆုံး (၁၀)လမ်းအထက် ဆိုင်ကယ်လမ်းနဲ့ ဂျစ်ကားလမ်းတွေကို ကိုယ်ထူကိုယ်ထ ဖောက်လုပ်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ပံ့ပိုးမှုတစ်ခုတည်းနဲ့ လုံလောက်မှု မရှိနိုင်ပါဘူး။ ဒါကြောင့် ကျန်မြို့နယ်များမှာလည်း ဂျစ်ကားလမ်း၊ ဆိုင်ကယ်လမ်းများ ဒေသခံပြည်သူများမှ အင်တိုက်အား တိုက် ဖောက်လုပ်နေကြ ပါတယ်။ ဒါကြောင့် အဓိကကျတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ မြို့နဲ့ ဆက်သွယ်တဲ့ လမ်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှ စေတနာထက်သန်စွာဖြင့် ပါဝင်ကူညီ ပံ့ပိုးပေးနိုင်ရန် အထူးလိုအပ်နေပါတယ်။

ဒါကြောင့် ကျေးလက်ဒေသရှိ ကျေး ရွာများနဲ့ မြို့ဆက်သွယ်တဲ့ လမ်းများ ဖောက်လုပ် ပေါက်လာလို့ရှိရင် ကျေးလက်မှ ထွက်ကုန်များကို မြို့သို့ အလျင်အမြန် တင်ပို့နိုင်ပြီး ဒေသခံပြည်သူများရဲ့ ဝင်ငွေတိုးလာသလို ကျေးလက်ဒေသရဲ့ ပညာရေး၊ ကျန်းမာရေးပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက် လာမှာ ဖြစ်ပါတယ်။ ကျေးရွာချင်းဆက် ကြိုးတံတားများ၊ ဥပမာ - ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာ ၂၀၁၁ ခုနှစ်မှာ သစ်လုပ်ငန်းရှင်များရဲ့ အလှူငွေနဲ့ တံတား (၄) စင်းကိုပြီးအောင် ကျွန်တော်တို့ ဆောက်လုပ်နိုင်ပါတယ်။ ဒီလို တံတားတွေဟာ ဥပမာအားဖြင့် မူလတန်းကျောင်းကနေပြီးတော့မှ မူလွန်တက်တဲ့အခါမှာ ကျေးရွာကြားက ချောင်းတွေကို

မိုးတွင်းမှာ ကူးလို့ ဖြတ်လို့ မရအောင် အဲဒီလို ချောင်းကူး တံတားတွေကို ကျွန်တော်တို့ ရွာသူ / ရွာသားတွေက ကြိမ်ကြိုးတွေသွယ်ပြီးတော့မှ ဝါးထရံ ယက်ပြီးတော့မှ ဒီချောင်းတံတားကို ကျောင်းသူကျောင်းသားတွေဟာ ကူးပြီးတော့မှ အလယ်တန်းကျောင်းတွေ၊ မူလွန်ကျောင်းရှိတဲ့ နေရာတွေကို ကလေးတွေက အဲဒီလို ပညာသင်ကြားနေရပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ ချင်းပြည်နယ် (၉)မြို့နယ်မှာ ဒီအခက်အခဲတွေက အများကြီးရှိပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ သစ်တောဝန်ကြီး၊ ဦးဝင်းထွန်း လာတဲ့အချိန်မှာ ကျွန်တော်တို့ သစ်လုပ်ငန်းရှင်တွေက ကျွန်တော်တို့ မြို့နယ်တွေကို ကျေးရွာချင်းဆက် ဒီ ကြိုးတံတားတွေကို ကူညီပံ့ပိုးပေးတဲ့ အတွက်ကြောင့် ကျွန်တော်တို့ သိန်း (၈၀) ကုန်မယ့် ကြိုးတံတားကို ကျွန်တော်တို့ကို သိန်း (၄၀) ပေးပါတယ်။ ပြည်သူနဲ့ ကျွန်တော်တို့ ထည့်ဝ ငွေနဲ့ ကျွန်တော်တို့ လုပ်အားနဲ့ တစ်ဝက် အဲဒီလိုပဲ ကျွန်တော်တို့ တံတားရော၊ ကျောင်းရော ဆောက်လုပ်နေကြရပါတယ်။ ဒီလို အနေအထားမျိုးမှာ ကျွန်တော်တို့ ဒေသရဲ့အခြေအနေက အဲဒီလိုရှိပါတယ်။

နောက်တစ်ခုက ပညာရေးနဲ့ ပတ်သက်လို့ပါ။ ပညာရေးနဲ့ ပတ်သက်လာလို့လည်း ဥပမိရုပ် မကောင်းတဲ့ကျောင်းတွေကို ကျွန်တော်တို့ လုပ်ငန်းရှင်တွေလာတဲ့အချိန်မှာ ကျွန်တော်တို့ မြို့နယ်(၉)မြို့နယ်ကို တစ်မြို့နယ်ကို ကျောင်း (၅)ကျောင်းစီ ကျွန်တော်တို့ ဥပမိရုပ် မကောင်းတဲ့ ကျောင်းတွေကို ပံ့ပိုးပါတယ်။ ဥပမာ- ကျွန်တော်တို့ မူလွန်ကျောင်းဆိုလို့ရှိရင် သိန်း(၄၀) ပံ့ပိုးတယ်။ ပြည်သူလူထုထည့်ဝင်ငွေနဲ့ သိန်း (၁၀၀)တန် ကျွန်တော်တို့ဆောက်နိုင်တယ်။ နောက် ရိုးရိုး ကျောင်းကို သိန်း(၃၀)ပေးတယ်။ ကျွန်တော်တို့ သိန်း(၇၀)တန် ကျွန်တော်တို့ ဆောက်နိုင်ပါတယ်။ ကျွန်တော်တို့ ဝိုင်းပြီးတော့ မှ လူထုလုပ်အားနဲ့ အကောင်အထည် ဖော်ပြီးတော့မှ ဆောင်ရွက် နေကြတာဖြစ်ပါတယ်။ ဒါ ပညာရေးနဲ့ ပတ်သက်လို့ ဖြစ်ပါ တယ်။ ပြီးတော့မှ အထူးသဖြင့် ဥပမာ - ပလက်ဝမြို့ဆိုရင် လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်တုန်းက ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ပလက်ဝကနေ မတူပီကို ခြေလျင်နဲ့ (၇)ရက်သွားပြီးတော့မှ သူရဲ့ အတွေ့အကြုံကို ကျွန်တော် တို့ကို ပြန်ပြောပြပါတယ်။ ပလက်ဝမြို့နယ်မှာ ဝါးနဲ့မိုးပြီးတော့မှ၊ ဝါးထရံကာပြီးတော့မှ၊ ဝါးကြမ်း ခင်းတဲ့ ကျောင်းပေါင်း (၃၂)ကျောင်းတိတိ သူသွားတဲ့ လမ်းပေါ်မှာ တွေ့ခဲ့တယ်။ ဒီလို အခြေအနေ၊ အခက်အခဲတွေ တော်တော်များများ ရှိပါတယ်။ အဲဒါတွေကို ကျွန်တော်တို့က နိုင်ငံတော် အစိုးရတစ်ခုတည်းအနေနဲ့ ဘယ်လိုမှ တစ်တိုင်းတစ်ပြည်လုံးကို တတ်နိုင်မှာ မဟုတ်တဲ့အတွက် ကြောင့်မို့လို့ အတတ်နိုင်ဆုံးကျွန်တော်တို့NGO တွေ၊ INGO တွေနဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား

လုပ်ငန်းရှင်တွေက ကျွန်တော်တို့ကို မတည်ရင်းနှီးတဲ့အနေနဲ့ ကျွန်တော်တို့ကို ကူညီပံ့ပိုး သင့်တယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက် တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်မီးလင်းရေးနဲ့ ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်တုန်းက ကျွန်တော်တို့ ချင်းပြည်နယ်ကို သစ်တောဝန်ကြီး၊ ဦးဝင်းထွန်း လာတဲ့အချိန်မှာ လုပ်ငန်းရှင်တွေရဲ့ ပံ့ပိုးမှုကြောင့် ကျွန်တော်တို့ မြို့နယ် တစ်မြို့နယ်ကို ကျေးလက်မီးလင်းရေးအတွက် (၂၅)သိန်းစီ ရပါတယ်။ အဲဒီ (၂၅)သိန်းကို ကျွန်တော်တို့ ပြည်သူထည့်ဝင်ငွေနဲ့ သိန်း(၆၀)၊ သိန်း(၇၀)တန် ကျေးရွာမီးလင်းရေးကို ကျွန်တော်တို့ တစ်မြို့နယ်မှာ (၅)ရွာစီ ကျွန်တော်တို့ အောင်မြင်အောင် မီးလင်းပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မတည်ရင်းနှီးငွေဟာ အထူးလိုအပ်ပါတယ်။ ဆိုလိုတာကတော့ မီးလင်းရေးနဲ့ ပတ်သက်လာလို့ ရှိရင် မီးစက်လိုပါတယ်။ ဒီ မီးစက်ကို (၅)Kilo၊ (၉)Kilo ပြီးတော့မှ မီးကြိုး၊ ကျန်တဲ့ ကတ္တရာ၊ ကျန်တဲ့ မြောင်း၊ ကျန်တဲ့ လုပ်အားဟူသမျှဟာ ကျွန်တော်တို့ရွာက အကုန်လုံးစိုက်ခံပါတယ်။ အဲဒီလိုနဲ့ ကျွန်တော်တို့ အကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ မတည်ရင်းနှီးဖို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ ပညာရေး၊ လမ်းတံတား ပြီးတော့မှ အခုပြောတဲ့ ကျွန်တော်တို့ ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းများမှာ အထူးအကူအညီ လိုအပ်လျက်ရှိတယ်ဆိုတာကို ကျွန်တော် ဒီနေရာကနေပြီးတော့မှ အလေးအနက် တင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများရဲ့ မြို့နယ်တိုင်းမှာ ကျွန်တော်တို့ဟာ NGO ၊ INGO တွေလည်း ကျွန်တော်တို့က (၁)ဖွဲ့၊ (၂)ဖွဲ့လောက် ရှိပါတယ်။ ကျွန်တော် လွန်ခဲ့တဲ့ တတိယပုံမှန်တုန်းက လွှတ်တော်ထဲမှာ ကြားရပါတယ်။ ‘ဝ’၊ ကိုးကန့်ဒေသမှာ NGO (၂၅)ခုက ဒေသဖွံ့ဖြိုးရေးတွေလုပ်နေတယ်လို့ ကျွန်တော် ကြားရပါတယ်။ ကျွန်တော်တို့ချင်းပြည်နယ်မှာ အလွန်ဆုံးမှ NGO နှစ်ခုပဲရှိပါတယ်။ တချို့နေရာဆိုရင် တစ်ခု ပဲ ရှိပါတယ်။အဲဒီတစ်ခုကလည်း ဥပမာ Care Myanmar ဆိုရင်၊ Care Myanmar NGO ဆိုရင်အဓိက က စိုက်ပျိုးရေးနဲ့ စိမ့်စမ်းရေသွယ်ရေးနဲ့ စိုက်ပျိုးရေး၊ စံပြ စိုက်ပျိုးရေးလုပ်ငန်းလောက်ပဲ လုပ်ပေးနိုင်ပါတယ်။ အခုလို တကယ်လိုအပ်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဓိကလမ်း၊ နောက် ကျောင်း၊ ဆေးခန်း ဒါတွေကို ကျွန်တော်တို့က သူတို့ရဲ့ အစီအစဉ်မှာ မပါပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ကျေးလက်စိမ့်စမ်းရေသွယ်ရေးနဲ့ စံပြစိုက်ကွက်တွေ ဒါလောက်ပဲ သူတို့ကူညီ ပံ့ပိုးပေးနိုင်ပါတယ်။ ဒီလိုအခက်အခဲမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သက်ဆိုင်ရာ

ဝန်ကြီးဌာနကနေပြီး ကျွန်တော်တို့ ချင်းပြည်နယ်ကို NGO၊ INGO တွေကိုလည်း များများ ကျွန်တော်တို့ ချင်းပြည်နယ်ကို ကျွန်တော်တို့က စေလွှတ်ပေးဖို့ လာပြီးတော့မှ လုပ်ကိုင်စို့ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန ကနေပြီးတော့မှ ကျွန်တော်တို့ကို ဝိုင်းဝန်းပြီး ပြောဆိုကူညီပံ့ပိုး ပေးသင့်တယ်လို့ ကျွန်တော့် အနေနဲ့ အလေးအနက်တင်ပြလိုပါတယ်။

ကျန်းမာရေးဌာနနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀)လောက် က ကျေးလက် ကျန်းမာရေးဌာန အဆောက်အဦ ကို နိုင်ငံတော်က ဆောက်ပေးပါတယ်။နှစ်ပေါင်း (၃၀)ကျော် (၄၀) လောက်ဘာမှ ပြင်ဆင်စရိတ်လည်းမရတဲ့အခါကျတော့ ဒီကျန်းမာရေးဌာနဟာ အကုန်လုံး ဆွေးမြေ့ပျက်စီးပြီးတော့မှ အဲဒီလိုနေတဲ့ဟာတွေ ရှိပါတယ်။ ဒါကြောင့်လည်း ကျန်းမာရေး အဆောက်အဦ မကောင်းဘူး၊ ကျန်းမာရေးအဆောက်အဦ မရှိတဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာ သွားပြီးမှ တာဝန်မထမ်းဆောင်နိုင်ဘူးဆိုတဲ့ အကြောင်းပြချက်တွေနဲ့လည်း ကျန်းမာရေးမှူးတွေ၊ ဒီသား ဖွားဆရာမတွေက ဒီလိုပဲသူတို့က အကြောင်းပြနေပါတယ်။ ဒါကြောင့် ဒီကျန်းမာရေး ဌာနတွေကိုလည်း ကျွန်တော်တို့ ကျန်းမာရေးဌာနခွဲကတော့ ကိုယ်ထူ ကိုယ်ထ လုပ်လို့ရပါတယ်။ ကျန်းမာရေးဌာနတွေက ယခင်က နိုင်ငံတော်က ပံ့ပိုးကူညီပေးခဲ့တဲ့၊ ဆောက် ပေးခဲ့တဲ့ဟာတွေကို ပြင်ဆင်စရိတ်သော်လည်းကောင်း သို့မဟုတ်လို့ ရှိရင်လည်း အခုပြောသလို NGO ရဲ့ သိန်းသုံးလေးဆယ် ဆိုတာ လွယ်လွယ်နဲ့ကူညီလို့ရပါတယ်။ ဒီလို ကူညီလာရင် ကျွန်တော်တို့ ပြည်သူကလည်း ထက်ဝက်ကျော် ထည့်ဝင်ပြီးတော့မှ လုပ်အားနဲ့ ကျွန်တော်တို့ကိုယ်တိုင် သစ်ဆွဲတယ်၊ ကျွန်တော်တို့ကိုယ်တိုင် ပျဉ်ဆွဲတယ်၊ ကျွန်တော်တို့ ကိုယ်တိုင်လည်း လက်သမား လုပ်တယ်၊ ကျွန်တော်တို့ ကိုယ်တိုင်ထည့်ဝင်တယ်၊ အဲဒီလိုနဲ့ ကျွန်တော်တို့က အောင်မြင်အောင် အကောင်အထည်ဖော်လို့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မတည်ရင်းနှီးဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လမ်းတံတား၊ တံတား ဆောက်လုပ်ရေးတွေမှာ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အင်တိုက်အားတိုက် ပါဝင်ကူညီပေးကြပါလို့ ကျွန်တော့်အနေနဲ့ အလေးအနက် မေတ္တာရပ်ခံပါတယ်။ နောက်တစ်ခုက “ဝ”ဥ စိုက်ပျိုးရေးနဲ့ ပတ်သက်လို့၊ ကျွန်တော်တို့ ချင်းပြည်နယ်မှာ “ဝ” ဥစိုက်ပျိုးရေးဟာ အင်မတန်အောင်မြင် ပါတယ်။ နယ်မြေဒေသနဲ့လည်း အင်မတန် အပ်စပ်ပါတယ်။ ပြီးတော့မှလည်း တကယ်လည်း ဈေးကွက်လည်းရှိပါတယ်။ ဒါကြောင့်“ဝ”ဥ စိုက်တဲ့သူတွေတော်တော်များများဟာ လူနေမှု အဆင့်အတန်း တော်တော်မြင့် လာတယ်၊ ဆိုတော့ ဈေးကွက်ရှိပြီးတော့မှ တရုတ်နဲ့ ကိုရီး ယား၊ ဂျပန်ကသုံးတဲ့ ထွက်ကုန်ပစ္စည်း

ဖြစ်တဲ့ အတွက် ကြောင့် ဒီ "ဝ" ဥစိုက်ပျိုးရေးမှာ ကျွန်တော်တို့က အရင်းအနှီးလိုပါတယ်။ နည်းပညာရောလိုပါတယ်။ ဒါကြောင့် အဓိက အရင်းအနှီးလိုပါတယ်။ အဲဒီအရင်းအနှီးကိုလည်း တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများအနေနဲ့ ချေးငွေအဖြစ်နဲ့ အတိုး နည်းနည်းနဲ့ ချေးငွေ အဖြစ်နဲ့ ကျွန်တော်တို့ကို ပါဝင်ကူညီပံ့ပိုးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ချင်း ပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုကို အမြန်ဆုံးလျှော့ချနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်သုံးသပ်မိပါတယ်။

အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မှ တာဝန်ခံလျက် ချင်းပြည်နယ် မြောက်ပိုင်းဒေသမှာ နှစ်ကြိမ်၊ တောင်ပိုင်းမှာ တစ်ကြိမ်၊ ပလက်ဝမြို့နယ် မရောက်သေး တဲ့ဒေသတွေမှာ သွားရောက် ပြီးတော့မှ သစ်လုပ်ငန်းရှင်များရဲ့ စေတနာထက်သန်စွာဖြင့် ကျေးလက်ဒေသရဲ့ ပညာရေး၊ မီးလင်းရေး လုပ်ငန်းနှစ်ခုကို ပါဝင်လှူဒါန်း ကူညီဆောင်ရွက်ပေးခဲ့ကြတဲ့ အတွက် ကြောင့် အင်မတန်ထိရောက်အောင်မြင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ရှိ ပလက်ဝမှာ၊ (၈)မြို့နယ်မှာ ကျေးလက် လမ်း၊ ကားလမ်းဖောက်လုပ်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရ သစ်တောဝန်ကြီးဦးဝင်းထွန်းမှ Backhoe တစ်စီးစီ ပေးပို့လျက် နိုင်ငံတော်မှ ဆီပံ့ပိုး၍ ကားလမ်းဖောက်လုပ်လျက်ရှိရာ အထူးအောင်မြင်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တစ်မြို့နယ်မှာ လမ်းကနှစ်ဆယ်၊ သုံးဆယ်လောက် ဖောက်လုပ်နေတဲ့နေရာမှာ ဒီစက်တစ်စီး စီပေးတဲ့အခါမှာ လုပ်ငန်းက ထိရောက်မှုအားနည်းပါတယ်။ ဒါကြောင့် တစ်မြို့နယ်ကို ဆိုင်ကယ်လမ်းမှ ဂျစ်ကားလမ်း ကိုယ်ထူကိုယ်ထဖောက်လုပ်နေတဲ့ မြို့နယ်တိုင်းမှာ နယ်စပ်/စည်ပင်ဝန်ကြီးဌာန သို့ မဟုတ် ဆောက်လုပ်ရေးဝန်ကြီးဌာန ကနေပြီးတော့မှ တစ်မြို့နယ်ကို မြေထိုးစက်တစ်စီးစီ ပံ့ပိုးကူညီပေးမယ်ဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာ ကျန် ပြည်နယ်နဲ့တိုင်းများကို ကျွန်တော်တို့က ကျေးလက်ဒေသဖွံ့ ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး နဲ့ ပတ်သက်လို့ အမီလိုက်နိုင်မယ်လို့ ကျွန်တော် အလေးအနက် ယုံကြည်ပါတယ်။

အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်ပြဆွေးနွေးတာ က ကျွန်တော်တို့ ချင်းပြည်နယ်အတွက် တင်ပြဆွေးနွေးတာ ဖြစ်ပေမယ့်လည်းပဲ တစ်နိုင်ငံလုံးမှာ ခြုံကြည့်မယ်ဆိုလို့ရှိရင် ပြည်နယ်တွေမှာ ရခိုင်ပြည်နယ် အများကြီး ဖွံ့ဖြိုးမှုနှေးကွေးနေပါတယ်။ ကယားပြည်နယ် နယ်စပ်ဒေသက အင်မတန် နှေးကွေးနေပါတယ်။ ကချင်ပြည်နယ် တောင်ပေါ်ဒေသတွေမှာလည်း ကျွန်တော်တို့လိုပဲ အင်မတန် ခက်ခဲပါတယ်။ နောက် စစ်ကိုင်းတိုင်း၊

နာဂဒေသ ဟာလည်းထိုနည်းလည်းကောင်းပါပဲ။ ရှမ်းပြည်နယ် နယ်စပ်ဒေသ၊ ကရင်ပြည်နယ် နယ်စပ်ဒေသတွေမှာ ဒီလိုပဲ ကျွန်တော်တို့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေမှာ၊ ကျွန်တော်တို့ရဲ့ NGO၊ INGO တွေနဲ့တိုင်းရင်းသားလုပ်ငန်းရှင်တွေဟာ ပါဝင်ကူညီပံ့ပိုးပေး သင့်တယ်လို့ ကျွန်တော့် အနေနဲ့ အလေးအနက်တင်ပြလိုပါတယ်။ ဒုဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးနဲ့ပြည်နယ်အချို့မှာ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှ ကျောင်းများ၊ ဆေးရုံများ၊ တံတား၊ လမ်းများ ဖောက်လု ပ်ပေးနေခြင်းများကို စေတနာထက်သန်စွာ လှူဒါန်းနေကြတာကို ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များမှာ အမြဲတွေ့မြင်ကြားသိနေရပါတယ်။ နှစ်စဉ် အလှူ အတန်းထက်သန်မှုကြောင့် လုပ်ငန်းရှင်ကြီးများအား နိုင်ငံတော်မှဘွဲ့ထူး၊ ဂုဏ်ထူးကြီးများ ချီးမြှင့်ပေးနေတာကိုလည်းကြည်နူးဝမ်းမြောက်စွာတွေ့မြင်နေရပါတယ်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာမှာ ကောင်းကျိုးကုသိုလ် ခံစားကြရမှာလည်း ဖြစ်ပါတယ်။

ဒုဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပမာနဲ့ ကျွန်တော် တင်ပြလိုပါတယ်။ ထိုင်းနိုင်ငံ မြောက်ပိုင်းမှာဆိုလို့ရှိရင် ဘုရင်ကိုယ်တိုင်၊ ဘုရင့်မိသားစုကိုယ်တိုင် ကျေးလက်ဒေသဖွံ့ဖြိုး ရေး လုပ်ငန်းများကို ဖောက်ချပြီးတော့မှ ဘုရင့်မိသားစုရဲ့ဝင်ငွေနဲ့ အတတ်နိုင်ဆုံး ဆင်းရဲနွမ်းပါး မှု နိမ့်ကျနေတဲ့ ထိုင်းနိုင်ငံ မြောက်ပိုင်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အင်တိုက်အားတိုက် လုပ်ဆောင်ပေးနေတာကိုလည်း ကျွန်တော့်တို့က လေ့လာကြားသိ နေရပါတယ်။ ထို့အတူပဲ အများအားဖြင့် ထိုင်းနိုင်ငံဟာ နိုင်ငံခြား က INGO တွေနှင့် ပြည်တွင်းက NGO တွေကပဲ အဓိက ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင် ပေးနေတာကိုလည်း ကျွန်တော်တို့က တွေ့မြင်နေရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ချင်းပြည်နယ်ရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်တဲ့ ကျေးရွာချင်းဆက်လမ်းများ၊ မြို့ကို ဆက်သွယ်တဲ့ ဆိုင်ကယ်လမ်း၊ ဂျစ်ကားလမ်းများ၊ ဥပမိရုပ် မကောင်းတဲ့ကျောင်းများ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ ကျေးရွာအသေးစား မီးလင်းရေးလုပ်ငန်းများ၊ စိမ့်စမ်းရေသွယ် လုပ်ငန်းများ၊ အထူးသဖြင့် ဝင်ငွေကောင်းရရှိနေသည့် “ဝ” ဥ စိုက်ပျိုးရေး နှင့် ကော်ဖီ၊ လက် ဖက်၊ လိမ္မော်၊ ထောပတ် ဒေသ၏ ရာသီဥတုရေမြေနဲ့ ကိုက်ညီတဲ့ သီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်းများမှာ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ NGO၊ INGO များမှပါ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးလုပ်ငန်းများနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချ နိုင်ရေး အတွက် စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်း ကူညီပံ့ပိုး ပေးကြပါရန်နှင့် လာမည့် ဘတ်ဂျက်

မှာလည်း ယခုနှစ်ဒီ ၂၀၁၂-၂၀၁၃ ဘတ်ဂျက်မှာလည်း ချင်းပြည်နယ်ကို ကျပ်သန်းပေါင်း နှစ်ထောင် တိုးမြှင့်တဲ့အတွက်ကြော င့်မို့ ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမှာ၊ မြို့နယ်တိုင်းမှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အတွက်ကို တိုးပြီးတော့မှ အခု ကျွန်တော်တို့ ပြည်နယ်အစိုးရကနေ ချပေးတဲ့အတွက်ကြောင့် တိုးမြှင့်ခံစားနေရပါတယ်။ ဒါကြောင့် လာမည့် ဘတ်ဂျက်နှစ်တွေမှာလည်း ကျွန်တော်တို့ ချ င်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံး ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ ချင်းပြည်နယ်ကိုနှစ်စဉ် ဘတ်ဂျက် ဒီအတိုင်းပဲ တိုးမြှင့်ချပေးဖို့၊ ဒီလိုမှလည်း ကျန်တဲ့ပြည်နယ်နဲ့ တိုင်းတွေနဲ့ အမီလိုက်နိုင်မှာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်အလေးအနက်တင်ပြ ဆွေးနွေးရ င်းနဲ့ ကျွန်တော်ရဲ့အဆိုအား အမျိုးသား လွှတ်တော် ဒုဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒုတိယဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၂း၁၀။**

**ဦးမနားနိုင်ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) ဦးဟာရှိန်းဘွေ ၏ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တက်အားသမ္မ စေတနာထက်သန်စွာ ဝိုင်းဝန်း ကူညီပံ့ပိုးပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းကို လေးနက်စွာ ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၁၁။**

**ဒုတိယဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ "မြန်မာနိုင်ငံတွင် ဆင်းရဲ နွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်နေသော ချင်းပြည်နယ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်

အတူ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများမှလည်း တတ်အားသမျှ စေတနာထက်သန်စွာ ဝိုင်းဝန်း ကူညီ ပံ့ပိုးပေးနိုင်ပါရန်" အဆို ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေး နွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဟာရှိန်းဘွေရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဟာရှိန်းဘွေ တင်သွင်းတဲ့အဆိုကို ဆွေးနွေး မယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်စတုတ္ထနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ပဉ္စမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၄။**

**ဒုတိယဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်( အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅ ။**

**အခမ်းအနားမှူး၊** ။ အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး၊** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]